# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၀) ရက်၊ စနေနေ့ ၊ (26-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား




စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**၂၀၂၁ ခုနှစ်မှ ယနေ့ကာလအထိ စီးပွားရေးဆိုင်ရာသုံးသပ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

**စာမျက်နှာ ၁၆ ကော်လံ ၁ ⇨**




ရတနာပုံ
၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ကျား၊ မ မခွဲ တန်းတူညီမျှ ပူးပေါင်းဆောင်ရွက်

ကမ္ဘာ့နိုင်ငံကြီးတချို့တွင် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှရေး၊ အမျိုးသမီးတို့၏စွမ်းရည်နှင့် အခွင့်အလမ်းများကို ကန့်သတ်မထားရေးအဖြစ် မကြာသေးသောရာစုနှစ်ကာလမှစတင်ဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးများကို ရှေးနှစ်ပေါင်းများစွာကတည်းက ယနေ့ထိပင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစွာ ရရှိခံစားရလျက်ရှိသည်။ ရှေးပဝေသဏီကတည်းက ခေတ်အဆက်ဆက်တိုင် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့် လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင်လည်း နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထူးချွန်ထက်မြက်သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားမြန်မာအမျိုးသမီးထုစွမ်းအားစုကြီးကို မြင်တွေ့နေရသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် အမျိုးသားများနှင့် တန်းတူရည်တူ စွမ်းစွမ်းတမံဆောင်ရွက်နေသော မြန်မာအမျိုးသမီးထုစွမ်းအားစုကို ဂုဏ်ယူလေးစားဖွယ်တွေ့မြင်နေရပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ တပ်မတော်များတွင် အမျိုးသမီးများ၏ စစ်မှုထမ်းဆောင်ခြင်းအခန်းကဏ္ဍသည် များပြားလာနေပြီဖြစ်သည်။ အလားတူ မြန်မာ့တပ်မတော်တွင်လည်း အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍမြင့်မားရေးကို အစဉ်တစိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယနေ့ကာလတွင်လည်း မြန်မာ့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းအရာရှိ၊ စစ်သည်များသည် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ ပင်ပန်းခက်ခဲသောခရီးစဉ်များ၊ ဝေးလံခေါင်းပါးသည့်ဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများကိုလဲ ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည်။ ပြည်ပနိုင်ငံများသို့သွားရောက်၍ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရသည့် အားကစားပြိုင်ပွဲ၊ အနုပညာစွမ်းရည်ပြိုင်ပွဲ စသည့် အကြမ်း၊ အနု ပြိုင်ပွဲအသီးသီးတွင် ဆုတံဆိပ်အမျိုးမျိုးရရှိအောင် ယှဉ်ပြိုင်အနိုင်ယူစွမ်းဆောင်နိုင်ကြသည်။ ကျန်းမာသန်စွမ်းသည့် အမျိုးသားများအတွက်ပင် ကြမ်းတမ်းခက်ခဲနက်နဲသောတာဝန်များဖြစ်သည့် အထူးတာဝန်တပ်ဖွဲ့ဝင်များ၊ လေသူရဲအရာရှိများအဖြစ်လည်း ရဲရဲဝံ့ဝံ့ တာဝန်ထမ်းဆောင်နိုင်မှုကို မြန်မာအမျိုးသမီးတို့၏ စွမ်းပကားများအဖြစ် ဂုဏ်ယူလေးစားဖွယ်တွေ့မြင်နေရပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၄၇၊ ၃၄၈၊ ၃၅၀၊ ၃၅၁၊ ၃၅၂၊ ၃၆၈ စသည်တို့တွင် အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားမှုမရှိဘဲ ဥပဒေ၏အကာအကွယ်ကိုတန်းတူညီမျှစွာ ရယူပိုင်ခွင့်၊ ခံစားခွင့်များပေးထားသည်ကို တွေ့ရသည်။

အမိနိုင်ငံအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးတွင် ကာယ၊ ဉာဏစွမ်းပကားများဖြင့် နိုင်ငံ့အကျိုးကို ကိုယ်ပိုင်အစွမ်းအစဖြင့် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေကြသော တိုင်းရင်းသားမြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍသည် ကြီးမားလေးနက်ကျယ်ပြန့်လျက်ရှိပေသည်။ နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်ကို ကိုယ်စားပြုသောအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ ခွဲခြားမှုမရှိဘဲ နိုင်ငံတော်စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ အဓွန့်ရှည်တည်တံ့ရေးတို့တွင် တက်ညီလက်ညီ အားသွန်ခွန်စိုက်ပူးပေါင်း ပါဝင်ခွင့်ရရှိရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း နှိုးဆော်ရေးသားအပ်ပါသည်။

# ယခုဘဏ္ဍာနှစ်အတွင်း အောင်မြေသာစံမြို့နယ်ရှိ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၆၇၀ ကျော် ခွင့်ပြုထုတ်ပေးထား




**မန္တလေး ဩဂုတ် ၂၅**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၆၇၀ ကျော် ခွင့်ပြုထုတ်ပေးထားကြောင်း အဆိုပါ လူမှုဖူလုံရေးရုံးမှ သိရသည်။

လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ဧပြီလမှ ယနေ့ထိ အလုပ်သမားအမှုတွဲပေါင်း ၅၀၀ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများနှင့် အမျိုးသမီးမီးဖွားမှုများအတွက် အများဆုံးတောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ်သိန်း ၆၇၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"ရုံးကနေ မမာမကျန်းတာတွေ၊ မီးဖွားတာတွေ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေ ကောက်ခံထားတာဖြစ်တယ်။ သူတို့ဖော်ပြထားတဲ့လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ရာခိုင်နှုန်းတွေအတိုင်း မှန်မှန်ကန်ကန် သူတို့လာတောင်းခံတာနဲ့ အနည်းဆုံးတစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နာမကျန်းဖြစ်လို့ ဆေးဝါးကုသခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာ လျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ။ ဌာနကနေပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့အတွက် ကူညီဆောင်ရွက်ပေးနေတာပါ"ဟု ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်များ သိသိသာသာ မြင့်တက်လာမှုမရှိသေးသော်လည်း စလစ်မြေ၊ ဂရန်မြေများကို ပို၍စိတ်ဝင်စားမှုများလာပြီး အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုရှိနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရာတွင် ဂရန်မြေ၊ ဘိုးဘပိုင်မြေ၊ ပါမစ်မြေ၊ စလစ်မြေ အမျိုးမျိုးအနက် အမည်ပေါက်ဂရန်မြေများမှာ လူစိတ်ဝင်စားမှုများနေဆဲဖြစ်သောကြောင့် ဈေးနှုန်းများလည်း မြင့်တက်နေကြောင်း၊ ယခုလအတွင်း အိမ်ခြံမြေဈေးကွက်တွင် ငွေကျပ်သိန်းသောင်းကြီးပိုင်းများထိ အရောင်းအဝယ်ပြန်ဖြစ်လာသောကြောင့် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ခတ်စပြုလာကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာက မြေဈေးကွက်ထဲမှာ စလစ်အတု၊ ဂရန်အတု၊ ပိုင်ဆိုင်မှုအတုတွေနဲ့ လိမ်လည်တာမျိုးတွေအပြင် ပြဿနာမျိုးစုံဖြစ်နေတာတွေ ရှိလာတာမို့ အရောင်းအဝယ်သမားတွေက ဂရန်မြေတွေကို ပိုပြီးစိတ်ဝင်စားလာကြတာ။ အခုက အဲဒီလိုဂရန်မြေတွေကို ဝယ်ယူပြီးရင်လဲ တစ်ခါတည်း အမည်ပေါက်ပြောင်းတာတွေ၊ အခွန်ဆောင်တာမျိုးတွေလဲ လုပ်လာကြတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ထို့ပြင် အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေပြီး အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အဓိကလမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါနေရာများနှင့် ဈေး၊ ကျောင်းနီးသော ရပ်ကွက်များ၌ ပို၍အငှားလိုက်နေကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ နေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှဂျုံများ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှ အရည်အသွေးကောင်းမွန်သည့်ဂျုံများ ဝင်ရောက်လာပြီး အရောင်းအဝယ်မှာလည်း ယခင်ကထက် ပိုမိုကောင်းမွန်လာသောကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်က အရည်အသွေးကောင်းတဲ့ဂျုံတွေ မန္တလေးဈေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ရှမ်းပြည်နယ်ဘက်ကဂျုံတွေကို မှာယူမှုပြန်ပြီးများလာတာကြောင့် ဈေးကောင်းပါရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ်လ ပထမပတ်က ရှမ်းပြည်နယ်မှထွက်ရှိသည့်ဂျုံ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ သာ ပေါက်ဈေးရှိကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံများကို ဝယ်ယူမှုများလာခြင်းကြောင့် ဩဂုတ် ၂၄ ရက်တွင် ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၆၄ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဝါ ၁၆၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဝါက ကိုယ့်ရေမြေဒေသနဲ့ ကိုက်ညီတဲ့ သီးနှံဖြစ်တယ်။ တောင်သူတွေလဲ နှစ်စဉ်စိုက်ပျိုးကြပါတယ်။ ရမည်းသင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါဧက ၁၀၀၀ စိုက်ပျိုးဖို့ လျာထားတာ လက်ရှိ ၁၆၆၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်ယူမှုရှိတဲ့သီးနှံဖြစ်ပါတယ်။ အဲဒီလို ဝယ်ယူမှုရှိတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်ပါတယ်။ အဓိကကတော့ တောင်သူတွေအတွက် တခြားသီးနှံတွေ ရောင်းဝယ်တဲ့အခါ ဈေးကွက်အခက်အခဲရှိတဲ့နေရာမှာ ဝါက ဈေးကွက်အခက်အခဲမရှိပါဘူး" ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် စိုက်ပျိုးသည့် ဝါမျိုးများအနေဖြင့် ရွှေတောင်(၈)၊ ရွှေတောင်(၁၀)၊ ငွေချည်(၆)မျိုးများကို အဓိကစိုက်ပျိုးကြောင်း၊ တောင်သူအများဆုံးစိုက်ပျိုးသည့် ဝါမျိုးမှာ ရွှေတောင်(၁၀) မျိုးဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်ထံမှ သိရသည်။

(၁၈၅)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သုမင်္ဂလာ(၂)လမ်းနေ ဦးဇော်ထိုက်-ဒေါ်ခင်လေးသွယ်၊ သား- မောင်ဟန်သာထိုက်၊ သမီး-မမြင့်မိုရ်ခင် မိသားစုတို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# MAI လေကြောင်းလိုင်းက ရန်ကုန်-ဆိုးလ် တိုက်ရိုက်ခရီးစဉ်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်မှစ၍ ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲပေးမည်



**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (Myanmar Airways International-MAI) လေကြောင်းလိုင်းက ရန်ကုန်-ဆိုးလ်တိုက်ရိုက်ခရီးစဉ်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်မှစ၍ ထပ်မံတိုးချဲ့ ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းသတင်းများအရ သိရသည်။

MAI လေကြောင်းလိုင်းသည် လက်ရှိတွင် ရန်ကုန်-ဆိုးလ်ခရီးစဉ်ကို အင်္ဂါ၊ သောကြာနှင့် တနင်္ဂနွေနေ့တိုင်း အပတ်စဉ် သုံးရက်ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာကာ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ဒေသစံတော်ချိန်ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ ည ၈ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

MAI လေကြောင်းလိုင်းအနေဖြင့် အဆိုပါ ရန်ကုန်-ဆိုးလ် တိုက်ရိုက်ခရီးစဉ်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်မှစ၍ ကြာသပတေးနေ့တွင် တစ်ရက်ထပ်မံတိုးချဲ့ပျံသန်းပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ထပ်မံတိုးချဲ့ပျံသန်းပေးရာတွင်လည်း ယခင်အချိန်ဇယားအတိုင်း ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MAI လေကြောင်းလိုင်းသည် ယခုနှစ် စက်တင်ဘာ ၂၈ ရက်မှစ၍ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့တိုင်း တစ်ပတ်လျှင် လေးရက် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခမှာ အမေရိကန်ဒေါ်လာ ၂၇၄ ဒေါ်လာကျသင့်မည်ဖြစ်ကြောင်း သိရသည်။

MAI လေကြောင်းလိုင်းသည် ယခုနှစ် စက်တင်ဘာ ၅ ရက်မှစ၍ ရုရှားနိုင်ငံ နိုဗိုဆီဘီရက်စ်မြို့သို့လည်း ခရီးစဉ်သစ်အဖြစ် စတင်ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI)မှ သိရသည်။

(၃၃၆)

# တောင်သာမြို့နယ် တဲယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တဲယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ငွေကျပ် ၄၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက တဲယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

# ဘားအံမြို့နယ် ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဩဂုတ် ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်း ကျေးရွာချင်းဆက်လမ်း အရှည် ၇ ဒသမ ၃ ဖာလုံ၊ အကျယ် ပေ ၂၀၊ အမြင့် ကိုးလက်မ ဂဝံမြေလမ်းခင်းခြင်းနှင့် အရှည် ၇ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ ဒသမ ၅၄၃ သန်းဖြင့် အနန္တာမြေကုမ္ပဏီက ယခုနှစ် မေ ၂၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်း ရာနှုန်းပြည့် ပြီးစီးပါက ကော့ဆိုင်ကျေးရွာ၊ ပျော်ရာကုန်းကျေးရွာ၊ တောကြီးကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၁၅၃ အိမ်၊ လူ ၆၄၈ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၅၃)

ကြည်လွင်မြင့်(မုဒြာ)



**ရှောက်ပင်**

အင်္ဂလိပ်အမည် - Lemon
မျိုးရင်း - Rutaceae (ရှောက်မျိုးရင်း)
ရုက္ခဗေဒအမည် - Citrus medica Linn; var.limonum

**အဓိကဆေးဖက်ဝင်ပုံ**

မူးခြင်း၊ မောခြင်း၊ ရင်တုန်ခြင်း၊ ချောင်းဆိုးခြင်း၊ အသံဝင်ခြင်း၊ အသံပျက်ခြင်းနှင့် နလုံးရောဂါ၊ အသည်းရောဂါ၊ သွေးသားသန့်စင်စေသောဆေးများ ဖော်စပ်ရာတွင် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်နိုင်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အသီး၊ အရွက်၊ အမြစ်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ပင်လတ်မျိုးဖြစ်သည်။ အမြင့် ပေ ၂၀ ခန့်ထိရှိတတ်သည်။ အခေါက်ညိုမည်းသော အရောင်ရှိသည်။ အကိုင်းအခက်များသည်။ တစ်ပင်လုံး၌ ချွန်ထက်သောဆူးများရှိသည်။

အရွက်။ ။ ရွက်လွှဲထွက်သည်။ ဘဲဥပုံ သဏ္ဌာန်ရှိပြီး ရွက်ထိပ်ချွန်၍ရွက်ရင်းသွယ်သည်။ ရွက်ပြားထူ၍ချောသည်။ ရွက်ညှာတွင် အတောင်ပါသည်။

အပွင့်။ ။ သေးငယ်သည်။ အဖြူရောင်ရှိ၍ ပွင့်ဖတ်ကျောဘက်တွင် အညိုရောင်သန်း၏။ သင်းပျံ့သောမွှေးရနံ့ရှိသည်။

အသီး။ ။ အစေ့များသော ခွံပျော့သီးမျိုးဖြစ်သည်။ အသီးမှာ လက်သီးဆုပ်ခန့်ရှိ၍ လုံးဝိုင်းပြီး အစိမ်းရောင်ရှိသည်။ အရည်ရွှမ်းသည်။ အသီးခွံထူ၍ အဆီအိတ်ကလေးများရှိသည်။ အစေ့များသေးငယ်ပြီး အဖြူရောင်ရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ရှောက်သီးသည် ချဉ်၏။ နှလုံးကိုကြည်လင်စေတတ်၏။ သွေးသားကို သန့်စင်စေ၏။ ပေါ့ပါးသောဂုဏ်သတ္တိရှိ၏။ ဝမ်းမီးကို တောက်စေ၏။ မောပန်းခြင်းကိုပျောက်စေ၏။ ချောင်းဆိုးနာ၊ နှုတ်မမြိန်နာ၊ အော့အန်နာ၊ မွတ်သိပ်နာတို့ကို သက်သာစေ၏။ အသံပျက်ခြင်း၊ ဝမ်းကြောတင်းခြင်း၊ အဖုအလုံးပေါက်ခြင်းများကိုနိုင်၏။ သလိပ်ကိုကြေစေ၍ ဆီးကို များစေ၏။

❖ ရှောက်သီးသည် ချဉ်၏။ နှလုံးကို ကြည်လင်စေတတ်၏။ သွေးသားကို သန့်စင်စေ၏။ ပေါ့ပါးသောဂုဏ်သတ္တိရှိ၏။ ဝမ်းမီးကို တောက်စေ၏။ မောပန်းခြင်းကို ပျောက်စေ၏။ ချောင်းဆိုးနာ၊ နှုတ်မမြိန်နာ၊ အော့အန်နာ၊ မွတ်သိပ်နာတို့ကို သက်သာစေ၏။ ❖

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အေးသောရာသီဥတုတွင် အအေးပတ်ခြင်းကို ကာကွယ်လိုပါက ရေနွေးဆူဆူတွင် ရှောက်ရွက်နှင့်ရှောက်သီးကို လေးစိတ်စိတ်၍ထည့်ပြီး ဟင်းချိုသောက်သကဲ့သို့ ပူပူနွေးနွေးသောက်ပေးပါက အအေးပတ်ဖျားနာခြင်း၊ နှာစေးချောင်းဆိုးခြင်းမှ သက်သာပျောက်ကင်းစေနိုင်သည်။

၂။ ချောင်းဆိုးရင်ကျပ်၊ သလိပ်ကပ်၊ ပန်းနာရှိသူများသည် ရှောက်သီးကို စမုန်နက်၊ သိန္ဓောဆား၊ ထန်းဖိုထန်းလျက်အမည်း၊ နှမ်းဆီ အနည်းငယ်ထည့်၍ ယိုထိုးစားပါက ရောဂါများ ပျောက်ကင်းစေနိုင်သည်။

၃။ မီးယပ်သွေးဆင်းချိန်တွင် အမျိုးသမီးများ မူးဝေပါက ရှောက်သီးကိုအမြွာများထုတ်ယူပြီး ထန်းလျက်နှင့်ရောစားပါက အမူးပျောက်စေနိုင်သည်။

၄။ ရှောက်သီးကို အကွင်းလိုက်ပါးပါးလှီးပြီး ဒိုဘာလာသကြားစိမ်ပြီးနောက် သိန္ဓောဆား၊ ဇဝက်သာ၊ ဆားပုပ်တို့နှင့်ရောနယ်ပြီး နေပူလှန်းပါ။ သုံးရက်ခန့်နေပြီးပြီး ခြောက်သွေ့သောအခါ အတုံးငယ်ကလေးများတုံး၍ ရှောက်သီးဆေးပြားအဖြစ် စားသုံးနိုင်သည်။ ရှောက်သီးဆေးပြားသည် အစာကြေလေပူနိုင်ပြီး နှုတ်မမြိန်ခြင်းကို ပျောက်စေသည်။ ခံတွင်းကောင်းစေသည်။

၅။ အဖျားပြတ်ပြီးနောက် ခံတွင်းမကောင်းသူ၊ အစာမဝင်သူများသည် ရှောက်သီးကိုအမြွာများထုတ်၍ သန့်စင်အောင်ရေစိမ်ထားပြီး ပုစွန်ခြောက်၊ ပုစွန်ငါးပိ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းတောင့်များထည့်၍ ရှောက်သီးသုပ်ပြုလုပ်စားပါက ခံတွင်းပြန်ကောင်းပြီး အစားတောင်းလာစေနိုင်သည်။

၆။ အသံဝင်၊ အသံပျက်၊ အသံနာသူများအတွက် ဆေးနည်းကောင်းမှာ သိန္ဓော၊ နွယ်ချို၊ စရိုပတဲကောတို့ကို အညီအမျှရောစပ်၍ ထောင်းပြီး နေလှန်းထားချိန်တွင် ရှောက်ရည်ညှစ်ချပေးပါ။ ထိုဆေးသည် အသံကောင်းစေသည့် ရှေးဆေးနည်း (အသံရွှေဥသြဆေး)ဖြစ်သည်။

၇။ ဆီးကျောက်တည်ရောဂါရှိသူများသည် ဆန်ဆေးရည်အကြည်တွင် ရှောက်ရည်နှင့်ဇဝက်သာ အနည်းငယ်ရောထည့်သောက်သုံးပေးပါက ကျောက်များကျစေနိုင်သည်။

၈။ ညအိပ်မပျော်သော ရောဂါရှိသူများသည် ညအိပ်ခါနီးအချိန်တွင် ရှောက်သီးအရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်း ရောစပ်သောက်သုံးပေးပါက အိပ်ပျော်စေနိုင်သည်။

၉။ ရှောက်ပင်၏အမြစ်ကို အခြောက်လှန်းပြီး အမှုန့်ကြိတ်၍ ပျားရည်နှင့်ရောစပ်ကျွေးပါက လေဖြတ်ရောဂါသက်သာစေနိုင်သည်။

၁၀။ ကလေးများ မိတ်ပေါက်ရာမှ မိတ်ဖုကြီးများထွက်ပြီး ပြည်မပေါက်လျှင် ရှောက်ပင်မှရသော ရှောက်ဆူးဖြင့် ပြည်ဖောက်ပေးပါက အနာမရင်းဘဲ သက်သာစေနိုင်သည်။

၁၁။ ချောင်းဆိုး၊ သလိပ်ကပ်၊ ပန်းနာဖြစ်လျှင် ရှောက်ရည်၊ ပျားရည်၊ ဇဝက်သာ သုံးမျိုးကို သုံးချိုး တစ်ချိုး၊ လေးချိုး တစ်ချိုး ရောစပ်သောက်သုံးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၂။ အခွံထူသောရှောက်သီးအရင့်များကို အဝါရောင်မပြောင်းမီ ခူးဆွတ်ပြီး ပေါင်းအိုးဖြင့်ချက်ကာ ပေါင်းချေးရယူပါက ရှောက်ပေါင်းရည်အဖြစ် ဆေးဖက်ဝင်အသုံးပြုနိုင်သည်။ ရှောက်ပေါင်းရည်သည် လေဖြတ်ခြင်းအတွက် အလွန်ထိရောက်သောဆေးဖြစ်သည်။

**ရှဉ့်မတက်ပင်**

အင်္ဂလိပ်အမည် - Wild Aspragus
မျိုးရင်း - Liliaceae (နှင်းပန်းမျိုးရင်း)
ရုက္ခဗေဒအမည် - Asparagus acerosus Wild

❖ ရှဉ့်မတက်ဥသည် ချိုဆိမ့်၏။ ခါး၏။ ခွန်အားကို ဖြစ်စေ၏။ ဝမ်းမီးကို တောက်စေ၏။ ဝဖြိုးစေ၏။ သုက်၊ နို့ရည်ကို ပွားစေ၏။ နှလုံးရောဂါ၊ ဝမ်းသက်၊ သွေးအန်၊ သွေးကျ၊ အဆုတ်နာတို့ကို ပျောက်စေတတ်၏။ လေသလိပ်၊ သည်းခြေတို့ကို နိုင်၏။ ❖

**အဓိကဆေးဖက်ဝင်ပုံ**

အားတိုးဆေး၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးရောဂါ အမျိုးမျိုးပျောက်ဆေး၊ သွေးအန်၊ သွေးဝမ်း၊ ခေါင်းကိုက်၊ ဝက်ရူးပြန်နှင့် ပန်းနာပျောက်ဆေး၊ မိခင်နို့ရည်တိုးပွားဆေး၊ အမျိုးသားအားဆေးများအတွက် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်၊ ဥ။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ ချုံနွယ်ပင်မျိုးဖြစ်၏။ ဆူးငယ်အများအပြားရှိ၏။ အပင်အောက်မြေကြီးထဲ၌ ဥများ အမြောက်အမြား စီတန်းပေါက်ရောက်နေသည်။ ပင်စည်လုံးသေးငယ်ပြီး ဝါခြောက်ခြောက်ရောင်ရှိသည်။

အရွက်။ ။ ငုက်မွေးရွက်ပေါင်းဖြစ်သည်။ ရိုးတံပေါ်တွင် ခုနစ်ရွက်စီစု၍ ရွက်လွှဲထွက်သည်။ ရွက်မြွာများအစိမ်းရင့်ရောင်ရှိပြီး အပ်ချောင်းသဏ္ဌာန်ရှိသည်။ အနည်းငယ်ကောက်ကွေးနေသည်။ ရွက်ညှာအောက်ဘက်၌ ဆူးတစ်ချောင်းစီထွက်၏။

အပွင့်။ ။ ဖြူ၏။ သေးငယ်၏။ မွှေးကြိုင်သောအနံ့ရှိ၏။ အခိုင်လိုက်ပွင့်၏။

အသီး။ ။ ငရုတ်ကောင်းစေ့ခန့်ရှိသည်။ အစေ့များခွံပျော့သီးဖြစ်၏။ မှည့်သောအခါ အနီရောင်ရှိ၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ရှဉ့်မတက်ဥသည် ချိုဆိမ့်၏။ ခါး၏။ ခွန်အားကိုဖြစ်စေ၏။ ဝမ်းမီးကို တောက်စေ၏။ ဝဖြိုးစေ၏။ သုက်၊ နို့ရည်ကိုပွားစေ၏။ နှလုံးရောဂါ၊ ဝမ်းသက်၊ သွေးအန်၊ သွေးကျ၊ အဆုတ်နာတို့ကို ပျောက်စေတတ်၏။ လေသလိပ်၊ သည်းခြေတို့ကိုနိုင်၏။ သွေးလုံး၊ လေလုံးရောဂါ၊ ဖောရောင်ခြင်း၊ မျက်စိရောဂါ၊ အဖျားရောဂါတို့ကို ပယ်တတ်၏။ ၎င်း၏စွမ်းရည်သည် တစ်ကိုယ်လုံးသို့ပျံ့နှံ့၍ အကျိုးပြု၏။ အသက်ကို ရှည်စေ၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ရှဉ့်မတက်ဥကို အခြောက်ပြုလုပ်၍ အမှုန့်ကြိတ်ပြီး ပျားရည်နှင့်ငရုတ်ကောင်းအနည်းငယ်ထည့်၍ တစ်နေ့လျှင် ဟင်းစားဇွန်း တစ်ဇွန်း ညအိပ်ရာဝင်ချိန်သောက်သုံးပေးပါက ခွန်အားကို ဖြစ်စေ၏။

၂။ မိခင်များ နို့ရည်ကောင်းစွာမထွက်ပါက ရှဉ့်မတက်ဥအမှုန့်ကို နွားနို့နှင့် ရောကျိုသောက်သုံးပေးပါက နို့ရည်ထွက်အားကောင်းစေသည်။

၃။ ကျောက်တည်ရောဂါဖြစ်လျှင် ရှဉ့်မတက်ဥအစိုကိုကြိတ်၍ ဟင်းစားဇွန်းတစ်ဇွန်းကို နွားနို့တစ်ဖန်ခွက်တွင်ရော၍ သောက်သုံးပေးပါက ကျောက်များကျစေနိုင်သည်။

၄။ မီးယပ်ပိန်၊ မီးယပ်ခြောက်အားနည်းသော အမျိုးသမီးများသည် ရှဉ့်မတက်ဥကြိတ်၍ ရသောအရည် ဟင်းစားဇွန်းတစ်ဇွန်း၊ ပျားရည်တစ်ဇွန်းရောစပ်၍ နေ့စဉ်သောက်သုံးပေးပါက ပြန်လည်စိုပြည်ဝဖြိုးစေနိုင်သည်။

၅။ ချောင်းခြောက်ဆိုးရောဂါဖြစ်လျှင် ရှဉ့်မတက်ဥကို မုရားကြီးရွက်ဖြင့် ရောပြုတ်ပြီး သကြားခဲအနည်းငယ်ထည့်၍ သောက်သုံးပါက ပျောက်ကင်းစေနိုင်သည်။

၆။ ဝက်ရူးပြန်ရောဂါဖြစ်လျှင် ရှဉ့်မတက်ဥကို အမှုန့်ပြုလုပ်၍ အပူငြိမ်းသွေးဆေးတွင် ရောစပ်တိုက်ကျွေးပါက ဝက်ရူးပြန်နှင့် ဝက်ရူးပြန်အတက်ရောဂါ သက်သာပျောက်ကင်းစေနိုင်သည်။



၇။ အဆစ်ရောင်၊ အဆစ်ကိုက်၊ လေးဖက်နာရောဂါရှိသူများသည် ရှဉ့်မတက်ဥအခြောက်ကို နှမ်းဆီ သို့မဟုတ် မုန်ညင်းဆီနှင့်ရောကျိုပြီး ခပ်နွေးနွေးလိမ်းပေးပါက အဆစ်များ ရောင်ရမ်းနာကျင်ခြင်းမှ သက်သာစေနိုင်သည်။

၈။ ကလေးငယ်များ အရွယ်ရောက်ချိန်တွင် ဖွံ့ဖြိုးကြီးထွားမှုနှေးပါက ရှဉ့်မတက်ဥကို ပြုတ်၍ အနည်းငယ်ကျွေးပေးပါ။ သို့မဟုတ် ထမင်းဦးပေါင်းတွင် ရှဉ့်မတက်ဥကို ပေါင်းပြီး ထမင်းနှင့်ရောကျွေးပေးပါ။

၉။ သွေးအန်၊ သွေးဝမ်း၊ ဝမ်းပျက်၊ ဝမ်းကိုက်ရောဂါများဖြစ်ပါက ရှဉ့်မတက်ဥကို ထန်းလျက်နှင့်ရောကျိုပြီး တိုက်ကျွေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးကောင်းရရှိနေ

**ဘိုကလေး ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို ဝယ်လိုအားကောင်းပြီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကျော်ကျော်က ပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်တွင် ဇွန်လနှင့် ဇူလိုင်လအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ သာ ဈေးရရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါကောက်ရိုးမှိုများ ဈေးကောင်းရရှိလာသည့်အပြင် အဝယ်ပါလိုက်နေကြောင်း သိရသည်။

"လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အမှာတော်တော်များများရှိနေတယ်။ အခု ကောက်ရိုးမှို တစ်ပိဿာကို ငွေကျပ် ၉၀၀၀ ထိ ဈေးကောင်းရနေပါတယ်။ ပြည်တွင်းစားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်လိုအားကောင်းလာပြီး ဈေးကောင်းရနေတာဖြစ်ပါတယ်။ ဒီဘက်ဒေသထွက်မှိုတွေကို ရန်ကုန်က အများဆုံးမှာယူနေပါတယ်။ ဒေသထွက်မှိုကလတ်ဆတ်တော့ လူကြိုက်ပိုများပါတယ်"ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကျော်ကျော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး မှိုများကို ဒေသခံ စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဈေးကောင်းလာပြီး တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ဒေါင်းဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေး

**မင်းလှ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒေါင်းဘုတ်ကျေးရွာအုပ်စု ဒေါင်းဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၇၀၅ ဒသမ ၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက ဒေါင်းဘုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ရန်ပုံငွေကျပ် ၇၀၅ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နိုးမိုးကျော်**

## ရွှေအညာ့မိုး

\- လေချိုတွေ သုတ်ဖျန်းရင်း
ထုပ်ထမ်းလို့ တိမ်ကိုသယ်၊
အညာမြေ ရောက်မှ
ဖောက်ချဖို့ရွယ်၊
တောင်သူတို့ ပျော်လိမ့်ဖွယ်
မော်လိမ့်မယ် မိုးရေထဲ၊
ကိုင်းလယ်ယာ ထွန်နဲ့မွှေလို့
ထယ်သွားတွေ တခွေခွေခွဲလို့
မျိုးကြဲကာ အခင်းသစ်မှာ
သီချင်းဟစ်မှာမလွဲ။

\- အညာသူ မိုးရေထဲ
ပျိုးတွေလည်း နုတ်ကြမယ်၊
တောင်သူပျို လယ်ထွန်လို့
ခါတွန်သံ စည်းချက်နဲ့
ခရီးဆက်လို့ရယ်၊
ကောက်လှိုင်းများ တအိအိသယ်
လယ်ရေတွေ ပြည့်ပြီပဲ၊
လယ်တစ်ခွင် အရောက်လိုက်
ကောက်စိုက်ဖို့ခဲ။

\- ချောင်းရေယဉ် ဖွေးခနဲ
အတွေးထဲ ထင်ယောင်မြင်၊
ကန်ရေဆို ကန်အမောက်
လျှံလောက်ဖွယ်ပင်၊
အညာတစ်ခွင်
ရွာချင်တဲ့ ရွှေမိုး၊
တိမ်ထုပ်တွေ အပြုံးမပျက်
ပခုံးထက်မှာပိုး။

\- မိုးခြိမ်းသံ စကားပျိုး
တအားဖြိုးလို့ သဲမဲရွာ၊
တောင်သူတွေ ခင်းထဲမှာ
သီချင်းမစဲတော့ပါ၊
အညာရဲ့ မိုးအခါ
ဖြိုးရွာတိုင်း အားအင်သစ်၊
ပျိုးပင်များ စိမ်းလွင်သလို
ငြိမ်းအစဉ် တောသူသားတို့
အားမာန်တွေ တဖွားဖွားတိုး
အိုကွယ်. . .
ကြိုးစားမာန်လှစ်။ ။

**လွမ်းလေးကို(သရက်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## နယ်စပ်တင်းမာမှုလျှော့ချရေးကြိုးပမ်းမှုများမြှင့်တင်ရန် တရုတ်နှင့်အိန္ဒိယခေါင်းဆောင်များ သဘောတူ

**ဂျိုဟန်နက်စဘတ် ဩဂုတ် ၂၅**

နှစ်နိုင်ငံပိုင်ဆိုင်ခွင့်အငြင်းပွားနယ်စပ်တစ်လျှောက်၌ တင်းမာမှုလျှော့ချရေးကြိုးပမ်းမှုများမြှင့်တင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့က ဩဂုတ် ၂၄ ရက်တွင် သဘောတူညီခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်ဖြန့်ကြက်ထားသည့် တပ်များကို ပြန်ရုပ်သိမ်းရန် တရုတ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့က သဘောတူညီခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ကျင်းပခဲ့သည့် ဘရစ်အုပ်စုထိပ်သီးညီလာခံကာလ၌ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် ဘရစ်အုပ်စုအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး ကျန်အဖွဲ့ဝင် နိုင်ငံများမှာ ဘရာဇီး၊ ရုရှားနှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်ကြသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းက တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံပိုင်ဆိုင်ခွင့် အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်နေရာ၌ နှစ်ဖက်တပ်များ ရန်ပွဲဖြစ်ပွားခဲ့ရာ အိန္ဒိယတပ်ဖွဲ့ဝင် ဦးရေ ၂၀ နှင့် တရုတ်တပ်ဖွဲ့ဝင် လေးဦးတို့ သေဆုံးခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်အပြီးတွင် တရုတ်နှင့် အိန္ဒိယတို့အကြား ဆက်ဆံရေးတင်းမာခဲ့ရပြီး နယ်စပ်တစ်လျှောက်၌ စစ်အင်အားများ ဖြည့်တင်း တပ်စွဲခဲ့ကြကြောင်း သိရသည်။ KKO

## လုံခြုံရေးစည်းချိုးဖောက်ခံရမှုကြောင့် ခေတ္တပိတ်ခဲ့သည့် ကုလသမဂ္ဂ ဥရောပဌာနချုပ် ပြန်လည်ဖွင့်လှစ်

**ဂျနီဗာ ဩဂုတ် ၂၅**

ကုလသမဂ္ဂသည် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တော်၌ ထားရှိသည့် ၎င်း၏ဥရောပဌာနချုပ်ကို ယနေ့နေ့လယ်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကုလသမဂ္ဂ၏ဥရောပဌာနချုပ်အဆောက်အအုံသည် ကျူးကျော်ဝင်ရောက်ရန် ကြိုးပမ်းမှုဖြစ်စဉ်တစ်ရပ်ကြောင့် ယနေ့ နံနက်ပိုင်းတွင် လူဝင်လူထွက်ပိတ်ခဲ့ရသည်။

သို့ရာတွင် ကျူးကျော်ဝင်ရောက်ရန် ကြိုးပမ်းမှုဖြစ်စဉ်ကိုဖြေရှင်းခဲ့ပြီးနောက် ကုလသမဂ္ဂဥရောပဌာနချုပ်၏ လူဝင်လူထွက်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ကုလသမဂ္ဂက ကြေညာထားသည်။

ကုလသမဂ္ဂဥရောပဌာနချုပ်အဆောက်အအုံ လုံခြုံရေးစည်းကိုချိုးဖောက်ဝင်ရောက်ရန်ကြိုးပမ်းမှုတစ်ရပ်ကြောင့် အဆောက်အအုံ လူဝင်လူထွက် ခေတ္တပိတ်ခဲ့ရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ကုလသမဂ္ဂကြေညာချက်တွင် ဥရောပဌာနချုပ်အဆောက်အအုံ လုံခြုံရေးစည်းချိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းမှုပြဿနာနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ကုလသမဂ္ဂ၏ ဥရောပဌာနချုပ်သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရုံးစိုက်ရာအဆောက်အအုံဖြစ်ကြောင်း သိရသည်။ KKO



## သမ္မတပူတင် ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင်အတွက် ဝမ်းနည်းစကားပြောကြား

**မော်စကို ဩဂုတ် ၂၅**

လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသည့် ဝဂ္ဂနာ ပုဂ္ဂလိကလက်နက်ကိုင်အုပ်စုခေါင်းဆောင် ပရီဂိုဇင်၏ ကျန်ရစ်သူမိသားစုများထံ ရုရှားသမ္မတပူတင်က ဝမ်းနည်းစကားပေးပို့ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၂၄ ရက်တွင် ဖော်ပြခဲ့သည်။






လေယာဉ်ပျက်ကျမှုတွင်ပါဝင်ခဲ့သူအားလုံးအတွက် ကျန်ရစ်သူမိသားစုဝင်များနှင့်ထပ်တူ မိမိသည်လည်းဝမ်းနည်းရကြောင်း ရုရှားသမ္မတပူတင်က ကရင်မလင်နန်းတော်၌ ဩဂုတ် ၂၄ ရက်တွင် ကျင်းပသည့် အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် အဆိုပါအစည်းအဝေးတွင် ပရီဂိုဇင်ကို ပါရမီရှိသည့် စီးပွားရေးသမားကောင်းတစ်ဦးအဖြစ် ချီးကျူးခဲ့သော်လည်း ဘဝတစ်လျှောက်အမှားကြီးများ လုပ်ခဲ့ဖူးသူအဖြစ် ညွှန်းဆိုခဲ့သည်။

ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင်လိုက်ပါသွားသော ဘရာဇီးနိုင်ငံထုတ် အမ်ဘရေရာအမျိုးအစားလေယာဉ်သည် ဩဂုတ် ၂၃ ရက်ညနေပိုင်းတွင် မော်စကိုမြို့တော်မြောက်ဘက်၌ ပျက်ကျခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် ပရီဂိုဇင်အပါအဝင် လိုက်ပါသွားသူ ၁၀ ဦးလုံး အသက်မရှင်ကြောင်း ရုရှား တာဝန်ရှိသူများကလည်း သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ရုရှားတာဝန်ရှိသူများသည် ပရီဂိုဇင်၏လေယာဉ်ပျက်ကျမှုနောက်ခံအကြောင်းတရားများကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ KKO

## ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီစင် ဖူးခက်အပန်းဖြေကျွန်းသို့သွားရောက်



**ဗန်ကောက် ဩဂုတ် ၂၅**

ထိုင်းဝန်ကြီးချုပ်သစ် ဆရက်သာ သာဗီစင်သည် ယနေ့တွင် ဖူးခက်အပန်းဖြေကျွန်းသို့ သွားရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ခရီးသွားလုပ်ငန်းကို အားပေးမြှင့်တင်ခြင်းဖြင့် စီးပွားရေးအရ ပြန်လည်ဦးမော့လာနိုင်ရေး အစီအစဉ်အရ ထိုင်းဝန်ကြီးချုပ်သစ်သည် ဖူးခက်အပန်းဖြေကျွန်းသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဖူးခက်အပန်းဖြေကျွန်းခရီးစဉ်သည် ထိုင်းဝန်ကြီးချုပ်သစ် ဆရက်သာ သာဗီစင်အတွက် ဝန်ကြီးချုပ်ရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးတရားဝင်ခရီးစဉ်ဖြစ်သည်။

ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည့် ထိုင်းလွှတ်တော်နှစ်ရပ်ပေါင်းအစည်းအဝေးတွင် ဖွေထိုင်းပါတီက ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းပေးသွင်းထားသော ဆရက်သာ သာဗီစင်ကို ထိုင်းဝန်ကြီးချုပ်အဖြစ် မဲခွဲရွေးချယ်ခဲ့ကြသည်။

ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတုံ့ဆိုင်းနေမှုနှင့်ရင်ဆိုင်နေရသော်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ ယခုနှစ်အတွင်း ပြန်လည်အားကောင်းလာခဲ့သည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပခရီးသွား ၂၉ သန်းခန့်လာရောက်နိုင်သည်ဟု ထိုင်းအစိုးရက ခန့်မှန်းထားကြောင်း သိရသည်။ KKO

## ဘရစ်အုပ်စု၏ အင်န်ဒီဘီဘဏ်က အာဖရိကနိုင်ငံများကို ကူညီပေးနိုင်

**ဂျိုဟန်နက်စဘတ် ဩဂုတ် ၂၅**

ဘရစ်အုပ်စုနိုင်ငံများ ၂၀၁၅ ခုနှစ်တွင် တည်ထောင်ထားသည့် ဖွံ့ဖြိုးရေးဘဏ်သစ် (အင်န်ဒီဘီ) သည် ဦးစွာရင်ဆိုင်ရမည့်ပြဿနာများအား ဖြေရှင်းရာတွင် အာဖရိကနိုင်ငံများကို ကူညီနိုင်ကြောင်း အင်န်ဒီဘီဘဏ်ဥက္ကဋ္ဌ ဒီလ်ဖာရူးဆက်ဖ်က ဩဂုတ် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ကျင်းပခဲ့သည့် ဘရစ်အုပ်စု ထိပ်သီးညီလာခံကာလ မိန့်ခွန်းတစ်ရပ်တွင် ဘရာဇီးသမ္မတဟောင်း ဒီလ်ဖာရူးဆက်ဖ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရစ်အုပ်စုဝင်နိုင်ငံများသည် အာဖရိကအတွက် မိတ်ကောင်းဆွေကောင်းနိုင်ငံများဖြစ်ကြကြောင်း ဒီလ်ဖာရူးဆက်ဖ်က ပြောကြားခဲ့သည်။

ထို့ပြင် အာဖရိကနိုင်ငံများ၏ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ စီမံကိန်းများ၊ ရုပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အအုံများအတွက် အင်န်ဒီဘီဘဏ်က ဘဏ္ဍာရေးအရကူညီနိုင်ကြောင်း ဒီလ်ဖာရူးဆက်ဖ်က ပြောကြားခဲ့သည်။

အင်န်ဒီဘီဘဏ်သည် အာဖရိကနိုင်ငံများ၏ အကြီးမားဆုံးစိန်ခေါ်မှုများကို ဖြေရှင်းပေးမည့် စီမံကိန်းများအတွက် ဦးဆောင်သူဖြစ်လာနိုင်ကြောင်း ဒီလ်ဖာရူးဆက်ဖ်က သုံးသပ်ထားသည်။




၂၀၂၁ ခုနှစ်အတွင်း အာဖရိကတိုက် ရယူနိုင်ခဲ့သည့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်း ၈ ဒသမ ၈ ရာခိုင်နှုန်းသာရှိသေးရာ အာဖရိက၏ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝေစုကိုထပ်မံမြှင့်တင်ရမည်ဖြစ်ကြောင်း ၎င်းကသုံးသပ်ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယအာကာသအေဂျင်စီ၏ ချန္ဒရာယန်-၃ အာကာသယာဉ်က ဩဂုတ် ၂၃ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့



**နယူးဒေလီ ဩဂုတ် ၂၅**

အိန္ဒိယအာကာသအေဂျင်စီ၏ ချန္ဒရာယန်-၃ အာကာသယာဉ်သည် ဩဂုတ် ၂၃ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ချန္ဒရာယန်-၃ လဆင်းယာဉ်သည် ဩဂုတ် ၂၃ ရက် အိန္ဒိယစံတော်ချိန် ည ၆ နာရီ ၃ မိနစ်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေပေါ်သို့ အောင်မြင်စွာဆင်းသက်ခဲ့ခြင်းဖြစ်သည်။

ချန္ဒရာယန်-၃ လဆင်းယာဉ်မစ်ရှင် အောင်မြင်မှုကြောင့် အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် လကမ္ဘာပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သည့် စတုတ္ထမြောက်ကမ္ဘာ့နိုင်ငံအဖြစ် သမိုင်းဝင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သည့် ပထမဆုံးကမ္ဘာ့နိုင်ငံလည်းဖြစ်သည်။

လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ချန္ဒရာယန်-၃ လဆင်းယာဉ်ဆင်းသက်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ပရာဂ်ယန်အမည်ရှိ လမျက်နှာပြင်လှည့်လာရေးယာဉ်ငယ်သည်လည်း လမျက်နှာပြင်ပေါ် စတင်ဆင်းသက်ခဲ့ကြောင်း သိရသည်။


အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ချန္ဒရာယန်-၂ မစ်ရှင်ဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ လဆင်းယာဉ်စေလွှတ်ရန် ပထမဆုံးအကြိမ် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။ KKO

## အာကာသအမှိုက်တစ်ခုကိုရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်က ဩဂုတ် ၂၄ ရက်တွင် ပျံသန်းရာလမ်းကြောင်းပြောင်းလဲမှုတစ်ရပ် ပြုလုပ်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၅**

တူရှုတည့်တည့် ပျံသန်းလာသော အာကာသအမှိုက်တစ်ခုကို ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်သည် ဩဂုတ် ၂၄ ရက်တွင် ပျံသန်းရာလမ်းကြောင်း ပြောင်းလဲမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်သည် အာကာသအမှိုက်ကို ရှောင်ရှားရေးအတွက် ရုရှား၏ဝက်ဇ်ဒါပင်မကိုယ်ထည် ဒုံးအင်ဂျင်စနစ်များအကူအညီဖြင့် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုပြုလုပ်ခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ထုတ်ပြန်ထားသည်။



အာကာသအမှိုက်နှင့်ဝင်တိုက်မည့်အရေးကို ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်သည် ပတ်လမ်းအမြင့်ကို မီတာ ၅၀၀ ထပ်မံလျှော့ချခဲ့ရသည်။

နိုင်ငံတကာအာကာသစခန်းယာဉ် လက်ရှိနေရာယူထားသည့် ပတ်လမ်းအမြင့်မှာ ပျမ်းမျှအားဖြင့် ကမ္ဘာမြေပြင်အထက် မိုင် ၂၅၀ အကွာတွင်ရှိကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်သည် ၁၉၉၉ ခုနှစ်မှစ၍ ယနေ့ထိ အာကာသအမှိုက်များရန်ကို ရှောင်တိမ်းရေးအတွက် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုအကြိမ်ပေါင်း ၃၀ ကျော်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

## ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၈၅ အာကာသကုန်တင်ယာဉ်က ဩဂုတ် ၂၅ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်ခဲ့

**မော်စကို ဩဂုတ် ၂၅**

ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၈၅ အာကာသကုန်တင်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ပရိုဂရက်စ်-၈၅ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် စားရေရိက္ခာများ၊ သိပ္ပံပညာဆိုင်ရာ ပစ္စည်းများ စုစုပေါင်း ကုန်အလေးချိန် သုံးတန်ခန့် သယ်ဆောင်သွားသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းရှိ ဇက်ဇ်ဒါပင်မကိုယ်ထည်နှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်ဟု ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ပရိုဂရက်စ်-၈၅ သည် နိုင်ငံတကာအာကာသစခန်း၌ ခြောက်လကြာဆိုက်ကပ်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ပရိုဂရက်စ်-၈၅ ကို ဩဂုတ် ၂၃ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအာကာသစခန်းအတွက် ထောက်ပံ့တာဝန်ယူထားသည့် အာကာသကုန်တင်ယာဉ် သုံးမျိုးအနက် ပရိုဂရက်စ်နှင့် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်များမှာ တစ်ကြိမ်သုံးအာကာသကုန်တင်ယာဉ်များဖြစ်ပြီး Space-X ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်များကသာ ပြန်လည်အသုံးပြုနိုင်သော ကုန်တင်ယာဉ်များဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ကလေးဘဝအထိုင်များမှုကြောင့် အရွယ်ရောက်ချိန်တွင် နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်

**ဟယ်လ်ဆင်ကီး ဩဂုတ် ၂၅**

ကလေးဘဝအထိုင်များလွန်းမှုကြောင့် အရွယ်ရောက်လာချိန်တွင် နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဩဂုတ် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အရွယ်ရောက်လာချိန်၌ သွေးဖိအားနှင့် ကိုယ်အလေးချိန်ပုံမှန်ရှိခဲ့လျှင်ပင် ကလေးဘဝအထိုင်များခဲ့သူများမှာ နှလုံးကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ခြေများကြောင်း ဖင်လန်နိုင်ငံ အရှေ့ဖင်လန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကလေးဘဝအထိုင်များခဲ့သူများသည် အရွယ်ရောက်လာချိန်တွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၁၁ နှစ်နှင့် ၂၄ နှစ်ကြားရှိသူများအနေဖြင့် အထိုင်များချိန် တစ်မိနစ် ပိုတိုးလာမှုသည် အသက် ၁၇ နှစ်နှင့် ၂၄ နှစ်ကြားအတွင်း နှလုံး၏လက်ဝဲသွေးစုပ်ခန်း ဒြပ်ထုပို၍ များလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တစ်နည်းအားဖြင့် ကလေးဘဝအထိုင်များလွန်းမှုကြောင့် နှလုံး၏အလေးချိန်ပိုတိုးလာသည့်သဘောဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဖင်လန်သုတေသနပညာရှင်များသည် ကလေး ၇၆၆ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို အရွယ်ရောက်ချိန်ထိ စောင့်ကြည့်၍ ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## သက်လတ်ပိုင်းများ ဘာသာစကားသစ်တစ်ခုသင်ယူခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေ လျှော့ချပေးနိုင်

**တိုကျို ဩဂုတ် ၂၅**

သက်လတ်ပိုင်းအရွယ်များအနေဖြင့် ဘာသာစကားအသစ်တစ်ခု သင်ကြားခြင်းဖြင့် နောင်လာမည့် ငါးနှစ်အကြာ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို ၁၉ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျပန်နိုင်ငံ တိုဟိုကူတက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ဘာသာစကားသစ်တစ်မျိုးသင်ယူမှု သို့မဟုတ် ပညာရပ်အသစ်တစ်မျိုး သင်ယူမှုတို့သည် သက်လတ်ပိုင်းအရွယ်များ၏ ဦးနှောက်ကျန်းမာရေးအတွက် အကျိုးရှိကြောင်း သိရသည်။

ဂျပန်သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြား ဗြိတိန်နိုင်ငံသား ဦးရေ ၂၀၂၀၀၀ တို့ကို အချိန်ယူလေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာမှုမှပေါ်ထွက်လာသည့်ရလဒ်များအရ ဘာသာစကားသစ်သင်တန်းများ တက်ရောက်ခဲ့ကြသူများသည် မတက်ရောက်ခဲ့သူများထက် Dementia ဖြစ်နိုင်ခြေ ၁၉ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ သက်လတ်ပိုင်းအရွယ်ရှိသူများအနေဖြင့် ဘာသာစကားအသစ်တစ်မျိုး သင်ယူခြင်းဖြင့် နောင်လာမည့်ငါးနှစ်အကြာတွင် Dementia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဘာသာသစ် သင်ယူမှုများ၌ပါဝင်မှုသည် ဦးနှောက်နာ့ဗ်ဆဲလ်စနစ်အပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘန်လေ Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၂၇-၈-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၁ - ၁ ဘန်လေ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| အေဗီလာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |

ဘန်လေအသင်းဟာ အဖွင့်ပွဲစဉ်မှာ မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး နိုင်ပွဲမရသေးတာကြောင့် အခုပွဲစဉ်ကို အနည်းဆုံးသရေရလဒ်ထွက်ပေါ်ဖို့ ကြိုးစားလာမှာပါ။ အေဗီလာအသင်းကလဲ တိုက်စစ်ပိုင်းအကောင်းဆုံး ပုံစံရရှိနေတာကြောင့် ဘန်လေအသင်းကို ပွဲချိန်ပြည့်ဖိအားပေးပြီး နိုင်ပွဲရဖို့ကြိုးစားလာမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ အေဗီလာကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘန်လေ ၁ - ၂ အေဗီလာ**

**ရှက်ဖီး(U) Vs မန်စီးတီး**

**ကစားမည့်ရက်/အချိန် ၂၇-၈-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်စီးတီး ၃ - ၀ ရှက်ဖီး(U)**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(U) | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| မန်စီးတီး | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(နိုင်) |

ရှက်ဖီး(U)အသင်းဟာ ပြီးခဲ့တဲ့နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သလို အခုပွဲစဉ်မှာ မန်စီးတီးလို ချန်ပီယံအသင်းနဲ့တွေ့ဆုံနေတာကြောင့် ဂိုးပြတ်မရှုံးဖို့ပဲ ကြိုးစားရမှာပါ။ မန်စီးတီးအသင်းကတော့ အရန်ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ရင်တောင် ရှက်ဖီး(U)အသင်းကို သက်သောင့်သက်သာနဲ့ အနိုင်ကစားနိုင်မှာသေချာပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ မန်စီးတီးအနိုင်ပြတ်သားမှာသေချာပါတယ်။

**အင်တာနက်ခန့်မှန်း - ရှက်ဖီး(U) ၀ - ၃ မန်စီးတီး**

## အီတလီစီးရီးအေ ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်

ML

**ဂျူဗင်တပ် Vs ဘိုလော့နာ**

**ကစားမည့်ရက်/အချိန် ၂၇-၈-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုလော့နာ ၁ - ၁ ဂျူဗင်တပ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | - | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ဘိုလော့နာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |

ဂျူဗင်တပ်အသင်းဟာ တိုက်စစ်မှူးဗလာဟိုဗစ်နဲ့ ကွင်းလယ်က ချီဆာ၊ ရာဘီယို့စ်တို့ ပုံစံကောင်းပြန်ရခဲ့တာကြောင့် တိုက်စစ်ကစားပုံ ထက်မြက်လာပြီး ရလဒ်ကောင်းနေတာဖြစ်ပါတယ်။ ဘိုလော့နာအသင်းကတော့ ကစားသမားစုဖွဲ့မှုအားနည်းသလို တိုက်စစ်မှူး အန်နာတိုဗစ်ကိုလက်လွှတ်ခဲ့ရတာကြောင့် တိုက်စစ်ပိုင်း ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဘက်ဘက်ကသာလွန်နေတဲ့ အိမ်ရှင်အသင်းနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျူဗင်တပ် ၃ - ၁ ဘိုလော့နာ**

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းက တိုက်စစ်မှူး ဘာလိုဂန်ကို ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် မိုနာကိုအသင်းသို့ရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ခံစစ်ကစားသမား မားကို့စ်အလွန်ဆို၏ အနာဂတ်နှင့်ပတ်သက်၍ လာမည့်ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်စီးတီးအသင်းက ရင်းနက်တိုက်စစ်မှူး ဒိုကူကို ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့်ခေါ်ယူကာ လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။ ML

# ခံစစ်ကစားသမား တီယာနေး ဆိုစီဒက်အသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့



**လန်ဒန် ဩဂုတ် ၂၅**

နည်းပြအာတီတာသည် ခံစစ်ကစားသမား တီယာနေးကို အနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားသည်ဟုပြောကြားခဲ့သော်လည်း ဆိုစီဒက်အသင်းသို့ ကာလရှည် အငှားစာချုပ်ဖြင့်စေလွှတ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းနှင့်ဆိုစီဒက်အသင်းတို့ကြား သဘောတူညီချက်တွင် ကာလရှည်အငှားစာချုပ်ဖြင့် စေလွှတ်မည်ဖြစ်ပြီး ကစားသမားအနေဖြင့် အာဆင်နယ်အသင်းတွင် ရရှိနေသည့် လုပ်ခလစာအတိုင်း ရရှိမည်ဖြစ်သော်လည်း အပြီးသတ်ဝယ်ယူခွင့်မပါရှိကြောင်း ထုတ်ပြန်ခဲ့သည်။

ဆိုစီဒက်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားရမည်ဖြစ်သဖြင့် တီယာနေးကို အသင်းပွဲထွက် ကစားသမားစာရင်းနှင့် ချန်ပီယံလိဂ်ကစားမည့် လူစာရင်းတွင် ထည့်သွင်းလိုသည်အတွက် လက်ရှိတွင် ဆေးစစ်မှုခံယူရန် စပိန်နိုင်ငံသို့ရောက်ရှိနေပြီး ဆေးစစ်မှုအောင်မြင်ပါက တရားဝင်စာချုပ်ချုပ်၍ လာမည့်ရီးရဲလ်မက်ဒရစ်အသင်းနှင့်ကစားရမည့် လာလီဂါ အမှတ်ပေးပွဲစဉ်တွင် ထည့်သွင်းအသုံးပြုရန် စီစဉ်လျက်ရှိသည်။

ခံစစ်ကစားသမား တီယာနေးသည် အာဆင်နယ်အသင်းသို့ ၂၀၁၉ ခုနှစ်ကရောက်ရှိခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၁၂၄ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ငါးဂိုးသွင်းယူနိုင်ခဲ့သည်။ ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲ ခြောက်ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ကာ မေ ၁၄ ရက်က ကစားခဲ့သည့် ဘရိုက်တန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင်လည်း ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် ဆိုစီဒက်အသင်းသို့ အငှားစေလွှတ်ခံရကြောင်း သိရသည်။

ML

# Total Energies BWF World Championship ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် သက်ထားသူဇာ စပိန်ကြက်တောင်မယ်ကို ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၂၅**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)က ကြီးမှူးပြီး ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ကျင်းပလျက်ရှိနေသည့် Total Energies BWF World Championship ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာအနေဖြင့် ကမ္ဘာ့အဆင့် ၆ နေရာတွင်ရပ်တည်နေသည့် စပိန်ကြက်တောင်မယ် မာရင်ကိုရှုံးနိမ့်ခဲ့သဖြင့် ၁၆ ဦး ရှုံးထွက်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

ကမ္ဘာ့အဆင့် ၆၁ နေရာတွင် ရပ်တည်နေသည့် သက်ထားသူဇာသည် အဆိုပါပြိုင်ပွဲတွင် ၆၄ ဦး ရှုံးထွက်အဆင့်မှစတင်ကစားခဲ့ရပြီး ၆၄ ဦး ရှုံးထွက်အဆင့်တွင် မက္ကဆီကိုကြက်တောင်မယ် ဟာယာမာရာဂိုတန်နှင့်ကစားခဲ့ရာ ၂၁-၁၃ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၃၂ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ၃၂ ဦး ရှုံးထွက်အဆင့်တွင် ကနေဒါကြက်တောင်မယ် မီချယ်လီလိုင်နှင့်ကစားခဲ့ရာ ပြိုင်ဘက်ကစားသမားအနေဖြင့် ပွဲကစားနေစဉ်အတွင်း ဒဏ်ရာရရှိခဲ့သဖြင့် ဆက်လက်ကစားနိုင်ခြင်း မရှိသည့်အတွက် သက်ထားသူဇာကအနိုင်ရရှိခဲ့ပြီး ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

Total Energies BWF World Championship ကြက်တောင်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၄ ရက် ညပိုင်းက သက်ထားသူဇာနှင့်



စပိန်ကြက်တောင်မယ် မာရင်တို့ယှဉ်ပြိုင်ကစားခဲ့ရာ မာရင်က ပထမပွဲငယ်၌ လက်ရည်အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၂၁-၁၀ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်တွင် သက်ထားသူဇာက အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ၂၁-၁၈ မှတ်ဖြင့်ရှုံးနိမ့်ခဲ့ရာ နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ၁၆ ဦးရှုံးထွက်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။ STA

# CPKC Women's Open ပြိုင်ပွဲ အမှတ်ပေးဇယားကို ယူကာဆာဆို ဦးဆောင်



**အော့တဝါ ဩဂုတ် ၂၅**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကိုးဗားမြို့တွင် ကျင်းပနေသည့် CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ်ယူကာဆာဆိုက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဆွီဒင်ဂေါက်သီးရိုက်မယ် လင်းဂရန်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်မယ် ရိုစီကျန်း၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုတို့အပါအဝင် ပြိုင်ပွဲဝင် ခြောက်ဦးထိက သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကိုဦးဆောင်နေသည့် အသက် ၂၂ နှစ်အရွယ် ယူကာဆာဆိုသည် ပထမနေ့တွင် လေးကျင်းဆက်တိုက် Birdies ရိုက်ချက်ရရှိခဲ့ပြီး အမှားအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့၍ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခြင်းဖြစ်သည်။

ယူကာဆာဆိုက "ပထမကိုးကျင်းမှာ တည်တည်ငြိမ်ငြိမ်ရိုက်နိုင်ခဲ့တယ်။ ဒုတိယ ကိုးကျင်းမှာတော့ ရိုက်ချက်လေးတွေနည်းနည်းလျော့တယ်။ ဖိအားနည်းနည်းရှိလာတယ်။ ပထမကိုးကျင်းမှာလောက် ကောင်းအောင်မကစားနိုင်ခဲ့ဘူး။ ပထမကိုးကျင်းမှာ Birdies ရိုက်ချက်တွေရခဲ့တယ်။ ပထမကိုးကျင်းမှာရိုက်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကိုဆက်ထိန်းသိမ်းနိုင်ရင် ရလဒ်ပိုင်းက ဒီထက်ပိုကောင်းလောက်တယ်။ ပြိုင်ပွဲဝင်အားလုံးလဲ အကောင်းဆုံးကစားနိုင်ခဲ့ကြတယ်။ ရိုက်ချက်ကွာဟချက်တွေလဲ ကျဉ်းမြောင်းခဲ့တယ်။ ဒုတိယနေ့မှာဘာတွေဆက်ဖြစ်လာမလဲ ဆိုတာတော့စောင့်ကြည့်သွားရပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဆန်းတိုစ့်လူငယ်ကစားသမား ဝါရှင်တန်ကို ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၁၇ သန်းဖြင့်ခေါ်ယူ




**လန်ဒန် ဩဂုတ် ၂၅**

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်လက ဘရာဇီးကလပ်ဆန်းတိုစ့်အသင်းကစားသမား အိန်ဂျယ်လိုဂါဘရီရယ်ကို ခေါ်ယူခဲ့ပြီးနောက် ယခုအခါ လူငယ်တိုက်စစ်မှူး ဝါရှင်တန်ကိုပါ စတာလင်ပေါင် ၁၇ သန်းဖြင့် ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် လူငယ်တိုက်စစ်မှူး ဝါရှင်တန်ကို ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ သန်းအပါအဝင် အပိုဆုကြေးစတာလင်ပေါင် လေးသန်းဖြင့် စုစုပေါင်း စတာလင်ပေါင် ၁၇ သန်းဖြင့် ခုနစ်နှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက သက်တမ်းတစ်နှစ်တိုးနိုင်သည့် သဘောတူညီချက်ပါဝင်ခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်ရှိ တိုက်စစ်မှူး ဝါရှင်တန်သည် လက်ရှိ ဆန်းတိုစ့်အသင်းတွင် ပြိုင်ပွဲစုံ ၁၆ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသ နေသောကြောင့် ချဲလ်ဆီးအသင်းက အနာဂတ်စီမံကိန်းအတွက်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းအနေဖြင့် လူငယ်တိုက်စစ်မှူး ဝါရှင်တန်ကို စထရာဘော့အသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ရန်စီစဉ်နေပြီး လက်ရှိအသင်းတွင် လူငယ်ကစားသမား အိန်ဂျယ်လို၊ ဖိုဖန်နာ၊ ဆလိုနီနာ၊ ဇီရက်ချ်နှင့် ကီပါတို့ကိုစေလွှတ်ထားပြီး အူဂိုချူကူနှင့်ဝါရှင်တန်တို့ကိုလည်း အငှားဖြင့်စေလွှတ်သွားမည်ဖြစ်သော်လည်း ကလပ်အသင်းတစ်သင်းအနေဖြင့် စီနီယာအသင်းမှ ကစားသမားခုနစ်ဦးသာ အခြားနိုင်ငံအသင်းများသို့ အငှားချထားခွင့်ရှိသည့်အတွက် ကစားသမားအငှားချထားခွင့် ဆက်လက်ရရှိတော့မည် မဟုတ်ကြောင်း သိရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် တိုက်စစ်မှူး လူကာကူ၊ တောင်ပံကစားသမား အိုဒွိုက်၊ ခံစစ်ကစားသမား မာလန်းဆာတို့ကို အရောင်းစာရင်း တင်သွင်းထားသော်လည်း ကစားသမားများအနေဖြင့် ကမ်းလှမ်းမည့်အသင်း မရှိပါက အသင်းနှင့်သာပြန်လည်ပူးပေါင်းရတော့မည် ဖြစ်ကြောင်း သိရသည်။

ML

# ဆီဘက်စတီယန်ကော့ဒါက Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ထိတက်ရောက်နိုင်ခဲ့သော်လည်း ပြိုင်ပွဲမှနုတ်ထွက်



**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ဝင်စတန်ဆလမ်မြို့တွင်ကျင်းပနေသည့် Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန်ကော့ဒါနှင့် ပြင်သစ်တင်းနစ်ကစားသမားဂက်စကွက်တို့ယှဉ်ပြိုင်ကစားခဲ့ရာဆီဘက်စတီယန်က (၄-၆၊ ၆-၁၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း Infinity သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီဘက်စတီယန်ကော့ဒါသည် ဂက်စကွက်နှင့်ယှဉ်ပြိုင်ကစားနေစဉ်အတွင်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သော်လည်း ပွဲပြီးဆုံးအောင်ကစားခဲ့သလို အနိုင်ရလဒ်ကိုလည်း စွမ်းဆောင်နိုင်ခဲ့သည်။

သို့သော် ကွာတားဖိုင်နယ်ပွဲစဉ်အပြီးတွင် လိုအပ်သောဆေးစစ်မှုပြုလုပ်ခဲ့ပြီးနောက် အနားယူရန်လိုအပ်ကြောင်း ဆရာဝန်ကအကြံပြုလာသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဆီဘက်စတီယန်ကော့ဒါက ပြောကြားခဲ့သည်။

ဆီဘက်စတီယန်ကော့ဒါသည် ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား လီဟက်ကာနှင့် ကစားသွားရမည်ဖြစ်သော်လည်း ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့ပြီဖြစ်သည့်အတွက် လီဟက်ကာက ဗိုလ်လုပွဲစဉ်သို့ အလိုအလျောက်တက်ရောက်ခွင့်ရသွားခဲ့သည်။

ဆီဘက်စတီယန်ကော့ဒါက "ဒီပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့အတွက် အများကြီးမျှော်လင့်ထားခဲ့တယ်။ အကောင်းဆုံးကြိုးစားခဲ့လို့လဲ ကွာတားဖိုင်နယ်အဆင့်မှာလဲ အနိုင်ရခဲ့တယ်။ ဒဏ်ရာအခြေအနေကြောင့် ပွဲဆက်ကစားဖို့ မဖြစ်နိုင်တော့ပါဘူး။ အခုလို ဆီမီးဖိုင်နယ်အဆင့်ကိုရောက်ပြီးမှ ပြိုင်ပွဲကနေနုတ်ထွက်ဖို့ ခက်ခက်ခဲခဲဆုံးဖြတ်ခဲ့ရတာပါ။ ရက်အနည်းငယ်လောက်အနားယူပြီးလိုအပ်တဲ့ ဆေးကုသမှုတွေပြုလုပ်သွားမှာဖြစ်လို့ US Open တင်းနစ်ပြိုင်ပွဲအမီ ပြန်ကစားနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မန်ယူအသင်း အဓိကခံစစ်ကစားသမား လုခ်ရှော ဒဏ်ရာကြောင့် နှစ်လခန့်ထိ အနားယူရမည်



**မန်ချက်စတာ ဩဂုတ် ၂၅**

မန်ယူအသင်း အဓိကခံစစ်ကစားသမား လုခ်ရှောသည် စပါးအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း Manchester Evening News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၂)အဖြစ် ကစားခဲ့သည့် စပါးအသင်းက မန်ယူအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လုခ်ရှောသည် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သော်လည်း ပွဲစဉ်ပြီးဆုံးသည်ထိ ဆက်လက်ကစားခဲ့ပြီး ယခုအခါ ဆေးစစ်မှုများ ပြုလုပ်ခဲ့ရာတွင် ဒဏ်ရာမှာ ခန့်မှန်းထားသည်ထက် ဆိုးရွားနေသည့်အတွက် အနည်းဆုံး နှစ်လခန့် အနားယူရမည်ဖြစ်သည်။

လက်ရှိ မန်ယူအသင်း ဘယ်တောင်ပံ ခံစစ်နေရာတွင် လုခ်ရှောအပြင် နောက်ထပ်အဓိကကစားသမား တစ်ဦးဖြစ်သည့် မာလာစီယာသည်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့်အတွက် မန်ယူအသင်း ဘယ်တောင်ပံ ခံစစ်နေရာအတွက် အခက်ကြုံလာရခြင်းဖြစ်သည်။

မန်ယူအသင်းက လုခ်ရှောအနေဖြင့် နှစ်လခန့်ထိအနားယူရမည်ဖြစ်သည့်အတွက် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် အငှားချရန်စီစဉ်ထားသည့် လူငယ်တောင်ပံခံစစ်ကစားသမား အယ်လ်ဗာရို ဖာနန်ဒက်ကို အသင်းတွင် ဆက်လက်ထိန်းသိမ်းထားရန်စီစဉ်ထားပြီး နောက်ထပ် ဘယ်တောင်ပံ ခံစစ်ကစားသမားတစ်ဦးခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

STA

# စပိန်လာလီဂါ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်များ

STA

**ဗလင်စီယာ Vs အိုဆာဆူနာ**

**ကစားမည့်ရက်/အချိန် ၂၇–၈–၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၁ – ၀ အိုဆာဆူနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဗလင်စီယာ** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **အိုဆာဆူနာ** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

ဗလင်စီယာအသင်းဟာ အိုဆာဆူနာအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိလို့ အခုအိမ်ကွင်းပွဲစဉ်မှာလည်း အသာစီးရရှိအောင်ကစားနိုင်မှာပါ။ အိုဆာဆူနာအသင်းရဲ့ လက်ရှိအဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံတိုင်းရလဒ်ကောင်းလေ့ရှိတဲ့ ဗလင်စီယာအသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဗလင်စီယာ ၁ – ၀ အိုဆာဆူနာ**

**ဘီလ်ဘာအို Vs ဘက်တစ်**

**ကစားမည့်ရက်/အချိန် ၂၈–၈–၂၀၂၃ (နံနက် ၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၀ – ၁ ဘက်တစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘီလ်ဘာအို** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |
| **ဘက်တစ်** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဘီလ်ဘာအိုအသင်းဟာ အခုပွဲစဉ်မှာလဲ ဘက်တစ်အသင်းကိုအကောင်းဆုံးတုံ့ပြန်ကစားနိုင်မှာပါ။ ဘက်တစ်အသင်းက အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ ခံစစ်ပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဘီလ်ဘာအိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဘီလ်ဘာအို ၂ – ၁ ဘက်တစ်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်များ

STA

**မိန့်ဇ် Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၂၇–၈–၂၀၂၃ (ည ၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၃ – ၀ မိန့်ဇ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မိန့်ဇ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** |
| **ဖရန့်ဖတ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |

ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ မိန့်ဇ်အသင်းဟာ အိမ်ကွင်းမှာ ဖရန့်ဖတ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဖရန့်ဖတ်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်ပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်တဲ့ မိန့်ဇ်အသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**အင်တာနက်ခန့်မှန်း – မိန့်ဇ် ၂ – ၁ ဖရန့်ဖတ်**

**ဘိုင်ယန်မြူးနစ် Vs အော့စ်ဘတ်**

**ကစားမည့်ရက်/အချိန် ၂၇–၈–၂၀၂၃ (နံနက် ၁၀:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၅ – ၃ အော့စ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘိုင်ယန်မြူးနစ်** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |
| **အော့စ်ဘတ်** | – | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

လက်ရှိခြေစွမ်းပိုင်းအရ အော့စ်ဘတ်အသင်းအတွက် အဝေးကွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းကို သရေရလဒ်တောင်ထိန်းချုပ်ကစားဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေလို့ အော့စ်ဘတ်အသင်းကိုအနိုင်ရယူဖို့ မခက်ခဲနိုင်ပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဘိုင်ယန်မြူးနစ် ၄ – ၀ အော့စ်ဘတ်**

# မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်များစမ်းသပ်ပစ်ခတ်ခဲ့သော မြောက်ကိုရီးယား



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို လေ့လာကြည့်ရှုခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ဩဂုတ် ၂၃ ရက်က ဖော်ပြသွားသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတပ်မတော်တို့သည် နှစ်စဉ်ပြုလုပ်သော အကြီးစားစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၂၁ ရက်တွင် စတင်လျက်ရှိပြီး မြောက်ကိုရီးယားက အဆိုပါလေ့ကျင့်မှုကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ရန်အတွက် အစမ်းလေ့ကျင့်မှုဖြစ်ကြောင်း ရှုမြင်လျက်ရှိသည်။

အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်တို့၏ ခေါင်းဆောင်များသည် သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။ ထိုသို့ သဘောတူညီပြီး သုံးရက်အကြာတွင် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။

ကင်ဂျုံအန်သည် ရေတပ်စစ်ရေယာဉ်စုတစ်ခုကို စစ်ဆေးစဉ် စစ်လက်နက်ပစ္စည်းများနှင့် တိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုကိုစစ်ဆေးရန် ကင်းလှည့်ရေယာဉ်တစ်စီးနှင့်စစ်ဆေးခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)က ထုတ်ပြန်သွားသည်။ ထို့နောက် ကင်ဂျုံအန်သည် ရေတပ် တပ်ဖွဲ့ဝင်များ၏ မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုကိုကြည့်ရှုခဲ့ကြောင်းနှင့် ဒုံးကျည်များသည် နျူကလီးယားကျည်ထိပ်ဖူးများ သယ်ဆောင်လာကြောင်း စောင်းပါးရိပ်ခြည်ဖော်ပြခဲ့သည်။ ဒုံးကျည်များသည် လွဲချော်မှုမရှိဘဲ ပစ်မှတ်ကိုထိမှန်ခဲ့သဖြင့် စစ်ရေယာဉ်၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို ပြသခဲ့ကြောင်း KCNA က ထုတ်ပြန်ခဲ့သည်။

ကင်ဂျုံအန်က မြောက်ကိုရီးယားရေတပ်အတွက် စွမ်းအားမြင့်မားသော စစ်ရေယာဉ်များတည်ဆောက်ရန်နှင့် ရေပေါ်ရေအောက်လက်နက်စနစ်များ ခေတ်မီအဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။ ၎င်းက ရေတပ် တပ်ဖွဲ့ဝင်များအား အတွေးအခေါ်နှင့်စိတ်ဓာတ်ပိုင်းဆိုင်ရာ လွှမ်းမိုးမှုရှိနေရန်နှင့်တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်မြင့်မားမှုသည် လက်နက်အရေအတွက်နှင့် နည်းပညာပိုင်းဆိုင်ရာသာလွန်မှုထက် ပိုမိုအရေးပါလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံးက ဒုံးကျည်စမ်းသပ်မှုနှင့်စပ်လျဉ်း၍ မြောက်ကိုရီးယား၏ထုတ်ပြန်ချက်သည် ချဲ့ကားပြောဆိုမှုများပါဝင်နေပြီး အချက်အလက်များနှင့်ကိုက်ညီမှုမရှိကြောင်း ပြောဆိုခဲ့သည်။ တောင်ကိုရီးယားစစ်ဘက်သည် မြောက်ကိုရီးယား၏ ရန်လိုခြိမ်းခြောက်မှုအလားအလာကို ချေမှုန်းတိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်ကို အခြေခံလျက် တိုက်ပွဲဝင်အသင့်ဖြစ်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပူးတွဲစစ်ဦးစီးချုပ်ရုံးက ထုတ်ပြန်သွားခဲ့သည်။

မြောက်ကိုရီးယား၏ ရေတပ်ဆိုင်ရာခရုစ်ဒုံးကျည်သည် နည်းပညာပိုင်းအရ နောက်ကျလျက်ရှိသော်လည်း စစ်မှန်သောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ကင်ဂျုံအန်အစိုးရအနေဖြင့် အန္တရာယ်ရှိလာပြီဆိုလျှင် တောင်ကိုရီးယားကို ဘက်ပေါင်းစုံမှတိုက်ခိုက်သွားမည့် မြောက်ကိုရီးယား၏ရည်ရွယ်ချက်ကိုနောက်ဆုံးစမ်းသပ်ချက်က ဖော်ညွှန်းလျက်ရှိကြောင်း တောင်ကိုရီးယားတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များဖြင့် တားမြစ်ထားရှိသည်။ ခရုစ်ဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုကို တားမြစ်ခြင်းမရှိသေးသော်လည်း ၎င်းဒုံးကျည်များသည် ရေဒါရှောင်ကွင်းနိုင်ရေးအတွက် အနိမ့်မှပျံသန်းလေ့ရှိသောကြောင့် ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ မြောက်ကိုရီးယားသည် ပဋိပက္ခဖြစ်ပွားချိန်တွင် အမေရိကန်စစ်ရေယာဉ်များနှင့်လေယာဉ်တင်သင်္ဘောများကို တိုက်ခိုက်နိုင်ရန် ခရုစ်ဒုံးကျည်များအသုံးပြုသွားဖွယ်ရာရှိကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

ဩဂုတ် ၂၁ ရက်မှစ၍ ၁၁ရက်ကြာ ပြုလုပ်သွားမည့် အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သောအားဖြင့် မြောက်ကိုရီးယားနိုင်ငံသည် လက်နက်စမ်းသပ်မှုများ လုပ်ဆောင်သွားဖွယ်ရာရှိနေသည်။ Ulchi Freedom Shield စစ်ရေးလေ့ကျင့်မှုသည် ကွန်ပျူတာအထောက်အကူပြု ကွပ်ကဲမှုသင်္ကြာန်တူ လေ့ကျင့်မှုတစ်ခုဖြစ်သည်။ အမေရိကန်နှင့်တောင်ကိုရီးယားစစ်ဘက်က ၎င်းတို့အနေဖြင့် အကြီးစားမြေပြင်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း ပြောဆိုသွားခဲ့သည်။

တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူ လီဆွန်ဂျန်းက ယခုနှစ်ပြုလုပ်သော UFS စစ်ရေးလေ့ကျင့်မှုများသည် မဟာမိတ်အဖွဲ့များ၏ တုံ့ပြန်တိုက်ခိုက်နိုင်မှု စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း၊ ထိုသို့ လေ့ကျင့်ရာတွင် မြောက်ကိုရီးယား၏ နျူကလီးယားနှင့်ဒုံးကျည်စွမ်းဆောင်ရည်များအပြင် ဒေသတွင်းအခြားသောလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖော်ညွှန်းသည့် စစ်နယ်ဝန်းများကိုအခြေခံလျက် တုံ့ပြန်နိုင်သည့် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ အလားတူ အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး တေလာကလည်း စစ်ရေးလေ့ကျင့်မှုများသည် ပြင်းထန်ပြီး လက်တွေ့လေ့ကျင့်မှုများဖြစ်ကြောင်း ပြောကြားသွားသည်။

မြောက်ကိုရီးယားက အမေရိကန်-တောင်ကိုရီးယား အကြီးစားစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်ရန်စမှုများအတွက် လေ့ကျင့်မှုအဖြစ် ပြစ်တင်ပြောကြားပြီး ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်ကာ တုံ့ပြန်လျက်ရှိသည်။ သို့သော် အမေရိကန်နှင့်တောင်ကိုရီးယား တာဝန်ရှိသူများက စစ်ရေးလေ့ကျင့်မှုများသည် ခံစစ်အတွက် ကြိုတင်ပြင်ဆင်မှုသာဖြစ်ကြောင်းနှင့်မြောက်ကိုရီးယားကို တိုက်ခိုက်ရန်ရည်ရွယ်ချက်မရှိကြောင်း တစိုက်မတ်မတ် ပြောကြားလျက်ရှိသည်။

မြောက်ကိုရီးယားအနေဖြင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် တပ်မတော်ရှိရမည်ဖြစ်ကြောင်းနှင့် ၎င်း၏ ရန်သူများကို အမြစ်ပြတ်ချေမှုန်းနိုင်သည့် စွမ်းအားရှိပြီး စစ်ပွဲမှန်သမျှကို ဆင်နွှဲနိုင်သည်ထိ အပြည့်အဝပြင်ဆင်ထားရမည်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောဆိုခဲ့ကြောင်း KCNA သတင်းဌာနက ဖော်ပြသွားသည်။

၂၀၂၂ ခုနှစ်မှစ၍ မြောက်ကိုရီးယားနိုင်ငံသည် လက်နက်စမ်းသပ်မှုအကြိမ် ၁၀၀ ကျော်ရှိပြီဖြစ်သည်။ အချို့သောစမ်းသပ်မှုများသည် အမေရိကန်ပြည်မကြီးနှင့် ၎င်း၏မဟာမိတ်များဖြစ်သည့် တောင်ကိုရီးယားနှင့် ဂျပန်တို့ထံ တိုက်ခိုက်နိုင်ရန်ရည်ရွယ်ထားသည့် နျူကလီးယားစွမ်းဆောင်ရည်ရှိသော ဒုံးကျည်များပါဝင်သည်။ မြောက်ကိုရီးယား၏ လက်နက်စမ်းသပ်မှုများကို တုံ့ပြန်သောအားဖြင့် အမေရိကန်နှင့်တောင်ကိုရီးယားတို့သည် ပုံမှန်စစ်ရေးလေ့ကျင့်မှုများကို တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးနှင့်ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့သည် Camp David ၌ ထိပ်သီးဆွေးနွေးပွဲပြုလုပ်စဉ် မြောက်ကိုရီးယားနှင့်စပ်လျဉ်း၍ ပကတိအခြေအနေများတွင် ဒုံးကျည်အချက်အလက်များမျှဝေမှုကို ယခုနှစ်ကုန်ပိုင်းတွင် လက်တွေ့ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်းနှင့် နှစ်စဉ်သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ခေါင်းဆောင် သုံးဦးသည် မြောက်ကိုရီးယား၏ ဆိုက်ဘာခြိမ်းခြောက်မှုကို တိုက်ခိုက်ရန်နှင့်ဆိုက်ဘာကျူးကျော်မှုတို့ကို ပိတ်ဆို့ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် သုံးနိုင်ငံလုပ်ငန်းအဖွဲ့ထူထောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။ သုံးနိုင်ငံအနေဖြင့် ခြိမ်းခြောက်မှုများတုံ့ပြန်နိုင်ရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်နိုင်ရန် အရေးပေါ်တယ်လီဖုန်းလိုင်း ထူထောင်သွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားသွားခဲ့သည်။

သုံးနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာလာခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို ကိုယ်ပိုင်စစ်ရေးစွမ်းဆောင်ရည်များ တည်ဆောက်ရန် ဖိအားပေးလျက်ရှိကြောင်း မြောက်ကိုရီးယားက ပြောဆိုလျက်ရှိသည်။ မြောက်ကိုရီးယားသည် တာဝေးဒုံးကျည်များ ပစ်ခတ်နိုင်ရေးအတွက် လိုအပ်သောအရာများကို လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဂြိုဟ်ပတ်လမ်းအတွင်းသို့ သူလျှိုဂြိုဟ်တုတစ်စင်း လွှတ်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း တောင်ကိုရီးယားသူလျှိုဌာနက လွှတ်တော်အမတ်များကိုပြောကြားသွားခဲ့သည်။

ကင်ဂျုံအန်သည် ၂၀၁၉ ခုနှစ်တွင် ဒေါ်နယ်ထရမ့်နှင့်ပြုလုပ်ခဲ့သော နျူကလီးယားဆွေးနွေးပွဲများပျက်ပြယ်ခဲ့ပြီးနောက် နျူကလီးယားနှင့်ဒုံးကျည်များ အရှိန်မြှင့်တင်ထုတ်လုပ်သွားရန် အလေးထားဆောင်ရွက်လာခဲ့သည်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ကင်ဂျုံအန်၏ စစ်ဘက်သည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု အကြိမ် ၁၀၀ ကျော် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နေမှုကို သတိပေးသောအားဖြင့် ဒုံးကျည်ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကင်ဂျုံအန်အနေဖြင့် ခေတ်မီလက်နက်များတည်ဆောက်ခြင်း၏ အဓိကရည်မှန်းချက်သည် အမေရိကန်နှင့် ဆွေးနွေးမှုများ လုပ်ဆောင်ချိန်တိုင်းတွင် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့မှုများကို အမေရိကန်က လိုက်လျောဖြေလျှော့ပေးရန်ဖြစ်ကြောင်း သုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

❖ မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များဖြင့် တားမြစ်ထားရှိသည်။ ခရုစ်ဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုကို တားမြစ်ခြင်းမရှိသေးသော်လည်း ၎င်းဒုံးကျည်များသည် ရေဒါရှောင်ကွင်းနိုင်ရေးအတွက် အနိမ့်မှ ပျံသန်းလေ့ရှိသောကြောင့် ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ မြောက်ကိုရီးယားသည် ပဋိပက္ခဖြစ်ပွားချိန်တွင် အမေရိကန်စစ်ရေယာဉ်များနှင့် လေယာဉ်တင်သင်္ဘောများကို တိုက်ခိုက်နိုင်ရန် ခရုစ်ဒုံးကျည်များ အသုံးပြုသွားဖွယ်ရာရှိကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။ ❖

**ကိုးကား**

- North Korea Launches Cruise Missiles as US, South Korean Troops Begin Annual Drills By The Diplomat.

**ဝင်းဇင်(သုတေသန)**

# လောင် ရုပ်သံဇာတ်လမ်းတွဲကို fortune tv နှင့် Mahar Application တို့တွင် ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဩဂုတ် ၂၅**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်သည့် လောင် ရုပ်သံဇာတ်လမ်းတွဲကို fortune tv နှင့် Mahar Application တို့တွင် ဩဂုတ် ၂၉ ရက်မှ စတင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင် သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်သည့် လောင် ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ မယ်မင်းဘုံက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး အဆိုပါရုပ်သံဇာတ်လမ်းတွဲအတွက် ဇာတ်လမ်းကို လူညီချောနှင့် လုံမတို့က ရေးသားထားခြင်းဖြစ်ကာ ဇာတ်ညွှန်းကို သီလံက ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

“လောင် ဇာတ်လမ်းတွဲက Mahar Application မှာလူကြိုက်များခဲ့တဲ့ သမီးဆိုးကို ကြိုက်ကြတဲ့ ပရိသတ်တွေ သမီးဆိုးထက် ပိုပြီး လောင်မြိုက်မဲ့ ဇာတ်လမ်းတွဲလို့ ပြောရမှာပဲ။ ဒါရိုက်တာကော၊ ဇာတ်လမ်းကော၊ သရုပ်ဆောင် တော်တော်များများကော သမီးဆိုးစီးရီးက လူတွေပဲဆိုတော့ သမီးဆိုး ပရိသတ်တွေ၊ လောင်တာကိုကြိုက်နေတဲ့ ပရိသတ်တွေအတွက်ထပ်ပြီးတော့ ကြိုက်ကြလိမ့်မယ်လို့ထင်ပါတယ်”ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်း၊ ညီထွဋ်ခေါင်၊ ရှိန်းတင့်ထူး၊ ချောရတနာ၊ ဖူးစုံ၊ ထက်ထက်ထွန်း၊ ဆုအိမ့်စံ၊ ဩဂတ်စ်မိုး၊ ဝါဝါအောင်၊ ဇော်ဦး၊ ကျော်ဇေယျ၊ မျိုးမျိုးခိုင် စသည့်အနုပညာရှင်များအပြင် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Netflix ၏ ကြည့်ရှုသူအများဆုံးဇာတ်ကား ၁၀ ကားစာရင်း၌ Extraction-2 ပါဝင်

**နယူးယောက် ဩဂုတ် ၂၅**

Extraction-2 ဇာတ်ကားသည် Netflix အွန်လိုင်းရုပ်ရှင်ဖျော်ဖြေရေးလုပ်ငန်း၏ ကြည့်ရှုသူအများဆုံးရုပ်ရှင်ဇာတ်ကား ၁၀ ကားစာရင်းတွင် ပါဝင်လာကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Extraction-2 ဇာတ်ကားသည် အန္တရာယ်ကြီးမားသည့် အကျဉ်းထောင်တစ်ခုအတွင်းမှ ဂျော်ဂျီယံ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်တစ်ဦး၏ မိသားစုကို ကယ်တင်ရန်ကြိုးစားခဲ့သော တေလာရိတ်အမည်ရှိ အထူးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဆန်ဟားဂရေ့က ရိုက်ကူးပေးထားပြီး မင်းသား ခရစ်ဟမ်းစဝါ့က တေလာရိတ်အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

ယခုနှစ် ဇွန်လက စတင်ထုတ်လွှင့်ပြသခဲ့သည့် Extraction-2 ဇာတ်ကားသည် ကြည့်ရှုမှုအများဆုံး Netflix ရုပ်ရှင်ဇာတ်ကား ၁၀ ကားစာရင်း၏အဆင့် ၁၀ နေရာတွင်ရှိလာကြောင်း Netflix ကုမ္ပဏီက ကြေညာထားသည်။

လက်ရှိတွင် ကြည့်ရှုမှုအများဆုံး Netflix ဇာတ်ကား ၁၀ ကားစာရင်း၌ ပထမနေရာတွင် ရပ်တည်နေသောဇာတ်ကားမှာ မင်းသား ဒွိုင်ယန်ဂျွန်ဆင်၏ Red Notice ဇာတ်ကားဖြစ်သည်။ KKO




# အဆိုတော် မေမဒီ သီဆိုသရုပ်ဆောင်ထားသည့် လူသားဆန်တဲ့အိမ်မက်တေးသီချင်း MV ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

အဆိုတော် မေမဒီ သီဆိုသရုပ်ဆောင်ထားသည့် လူသားဆန်တဲ့အိမ်မက် တေးသီချင်း Music Video (MV) ဩဂုတ် ၂၅ ရက်က ထွက်ရှိလာကြောင်း အဆိုတော် မေမဒီက ပြောပြ၍ သိရသည်။

အဆိုတော် မေမဒီသည် Myanmar Idol Season 4 မှ တစ်ဆင့် ပရိသတ်များအားပေးမှု ရရှိလာသည့် အဆိုတော် တစ်ဦးဖြစ်ပြီး လူသားဆန်တဲ့အိမ်မက်တေးသီချင်း MV တွင် တေးရေး KAR GYI ၏ တေးသီချင်းကို ကိုယ်တိုင်သီဆို သရုပ်ဆောင်ထားကာ ဒါရိုက်တာ KINA က ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

“မေလေးရဲ့သီချင်းခွေ ထွက်ခဲ့ပေမဲ့ ကိုဗစ်ကာလမို့ ပရိသတ်တချို့က မသိလိုက်တာရှိတယ်။ ပရိသတ်တုံ့ပြန်မှု နားထောင်ပြီးမှ ပြန်ဆိုပြီး Music Video (MV) ရိုက်ကူးဖြစ်တာပါ။ ဒီသီချင်းလေးက လူတိုင်းနဲ့မင်း မယှဉ်ပါနဲ့ လူသားဆန်တဲ့ ချစ်ခြင်းတစ်ခုပဲဆိုတဲ့ ပုံစံလေးပါ။ ကိုယ့်ထပ်သာတဲ့သူတွေ့သွားရင်လဲ ကိုယ့်ဘက်က တိတ်တိတ်လေးချစ်နေရရင် ပိုအဆင်ပြေတယ်ဆိုတဲ့ အဓိပ္ပာယ်လေးဖွဲ့ဆိုထားပါတယ်။ လူသားဆန်တဲ့ အိမ်မက်သီချင်းကိုလဲ ခံစားပြီး နားဆင်ပေးပါအုံး။ လူကြီးလူငယ်မရွေး နားထောင်လို့ရမဲ့ Type လေး ဖန်တီးထားပါတယ်။




ခံစားချက်တွေ တိုက်ဆိုင်ရင် Supporting လုပ်ပေးပါအုံး”ဟု အဆိုတော် မေမဒီက ပြောပြသည်။

အဆိုပါတေးသီချင်း MV သည် ၂၀၂၀ ပြည့်နှစ်ကထွက်ရှိထားသည့် အဆိုတော် မေမဒီ၏ “This is May Ma D Album” တေးသီချင်းအယ်လ်ဘမ်မှ ပရိသတ်နှစ်သက်သည့် သီချင်းကို Music Video အဖြစ် ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုတော် မေမဒီသည် မင်းလေး ချစ်တတ်ရင်၊ စပါကလင်အချစ် Cover Song များအပြင် ကိုယ်တိုင်ရေးသားထားသည့် Own Tune “I Am Ok ” သီချင်းကို မကြာခင်က ထွက်ရှိထားသူလည်းဖြစ်ပြီး မေမဒီ၏ တေးသီချင်းသစ်များ၊ Cover Song တေးသီချင်းများ ဆက်တိုက်ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ASH

# Barbie ဇာတ်ကားက ၂၀၂၃ ခုနှစ်၏ ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဩဂုတ် ၂၅**

ဝါနာဘရားသားကုမ္ပဏီ၏ Barbie ဇာတ်ကားသည် ၂၀၂၃ ခုနှစ်၏ ပြည်တွင်းဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ဩဂုတ် ၂၃ ရက်တွင် Barbie ဇာတ်ကား၏ ပြည်တွင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅၇၄ ဒသမ ၂ သန်းထိရှိလာကြောင်း၊ Barbie ဇာတ်ကား၏ ပြည်တွင်းဝင်ငွေသည် Super Mario Bros: Movie ဇာတ်ကား၏ ပြည်တွင်းဝင်ငွေကို ကျော်လွန်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဧပြီလအတွင်း စတင်ရုံတင်ပြသခဲ့သည့် Super Mario Bros:Movie ဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၇၄ သန်းထိရှိကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Barbie ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

အမျိုးသမီး ဒါရိုက်တာ ဂရီတာ ဂျားဝစ် ရိုက်ကူးပေးထားသည့် Barbie ဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး မားဂေါ့ရော့ဘီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# ဦးနှဲ့ခေး ရုပ်သံဇာတ်လမ်းတွဲကို May Kha Online Channel နှင့် You Tube Channel တို့မှ စက်တင်ဘာလတွင် ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဩဂုတ် ၂၅**

ကချင်တိုင်းရင်းသား သရုပ်ဆောင်များပါဝင်သည့် မြန်မာစာတန်းထိုး ကချင်စကားပြော ဦးနှဲ့ခေး ရုပ်သံဇာတ်လမ်းတွဲကို May Kha Online Channel နှင့် You Tube Channel တို့မှ စက်တင်ဘာလတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ JZ ဒေါင်လွှေကားက ပြောပြ၍ သိရသည်။

ဦးနှဲ့ခေး ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လားလာ(Jum) က ရေးသားထားပြီး ဒါရိုက်တာ JZ ဒေါင်လွှေကားက ဒါရိုက်တာအဖြစ်လည်းကောင်း၊ သရုပ်ဆောင်အဖြစ်လည်းကောင်း ပါဝင်ထားပြီး MD ခေါင်စိုင်း၊ LAJA ဇော်ဒွဲခေါင်၊ လားလာ (Jum)၊ လာနူး (Jum)၊ L ဂျာတောင်၊ နန်ဇီနန်ခေါန်၊ N ဂျာခေါန်၊ လွမ်းညွှယ်၊ လုလုအောင်၊ ဂျာနန်၊ ဆိုင်းမော်၊ ချမ်းစွမ် စသည့်ကချင်တိုင်းရင်းသား သရုပ်ဆောင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

“ကျွန်တော့်အသက်က ၃၉ နှစ်ထဲရောက်နေပြီ။ အသက် ၄၀ မပြည့်ခင် ဦးနှဲ့ခေး ဇာတ်လမ်းတွဲ ရိုက်မယ်ဆိုပြီး ဦးနှဲ့ခေး ကချင်သီချင်းတစ်ပုဒ်ကို အရင်တစ်နှစ်လောက်က ထွက်လိုက်တယ်။ ဒီသီချင်းကို ဇာတ်လမ်းဇာတ်အိမ်တည်ဖြစ်တာပါ။ ဇာတ်လမ်းပုံစံက ဦးက မိန်းမယူဖို့ အစီအစဉ်မရှိတဲ့ လူပျိုကြီး ကောင်မလေးငယ်ငယ်လေးနဲ့တွေ့ပြီး စိတ်ပြောင်းကာ ကောင်မလေးကို တကယ်ချစ်မိသွားတဲ့ ဇာတ်လမ်းလေးပါ”ဟု ဦးနှဲ့ခေး ဇာတ်လမ်းတွဲပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ JZ ဒေါင်လွှေကားက ပြောပြသည်။

ဦးနှဲ့ခေး ကချင်စကားပြော မြန်မာစာတန်းထိုး ရုပ်သံဇာတ်လမ်းတွဲတွင် မိနစ် ၂၀ စာ အပိုင်း (၁၆) ပိုင်းပါဝင်ကြောင်း သိရသည်။

ASH

# Economic Committee of Republic of Union of Myanmar holds meeting No 7/2023; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address


Senior General Min Aung Hlaing delivers address at the meeting.

**Nay Pyi Taw August 25**

The Economic Committee of the Republic of Union of Myanmar held meeting No 7/2023 at the Office of the Chairman of State Administration Council this morning addressed by Chairman of the committee Chairman of SAC Prime Minister Senior General Min Aung Hlaing.

Present were SAC members General Mya Tun Oo, Lt-Gen Moe Myint Tun, U Shwe Kyein, union ministers, union level officials, deputy ministers and officials.

**Economic analysis for the period from 2021 till today**

The Senior General said the Economic Committee is an important body responsible for national economic undertakings. Economy has two branches -- internal economy and external economy. Production sector was weak, and transportation faced a lot of hardships during Covid-19 pandemic. National economy was in a downturn as trade was hit by political disagreements. Not only Myanmar, but also the entire world faced a drop in economic growth due to Covid-19. In other countries too, payments could not be made in time because of delays in banking services. Restrictions in transport and unavailability of shipping services had also hit the national economy. Riots broke out due to political disputes after the 2020 election, and the result was a drop in the production sector and a delay in transport businesses.

The country faced trade deficits during the terms of previous democracy governments. On average each government left behind a deficit of USD 12 billion, so there was a total of USD 25 billion. The deficit was reduced only through aid and loans. In 2021-2022, there was a drop in the production sector as the production sector was hit by riots and violence. The country had to strive for its economic survival amidst the sanctions and disturbances. It could strive to register an over 3% rise in GDP in 2021-2022 from a -5.9% in 2019-2020, indicating a GDP increase that exceeded 9%. On the other hand, terrorists destroyed roads, bridges, cable towers and public buildings. As the government had to spend the funds for economic development in rehabilitation undertakings, the country failed to achieve the required economic progress.

**Measures for economic recovery**

The government could save the farming undertakings from Covid-19 impact to the most possible degree. Moreover, it could continue the CMP business in accord with the Covid-19 prevention rules. In this way, it was able to achieve economic development. Farming-based production industry must be promoted as it is the country's main production sector. Measures were taken to develop MSMEs. Electricity is a need for the production industry. The country is now facing the adverse effects of suspending long-term power-generation projects due to disturbances. It has to spend over USD 600 million a year to import fuel. There were efforts to meet local edible oil demand throughout the past success periods, but they were not enough. Hence, it set up the national economic fund to boost edible oil production and its goal is to become an oil export by the year 2025.

As there were attempts to block the country's foreign exchange income channels and to cause economic hardships, the government had to prioritize businesses and the import of goods that are vital for the country and people in balancing its income and expenditure. But fabrications appear to propel commodity prices up. The rise in prices of fuel and chemical fertilizers for agriculture despite the efforts to ensure adequate and timely supply of those inputs is one piece of evidence. The committee must have an overall view of the nation's economy.

**Reviewing all situations of the State to boost State economy**

The committee has to strive for promotion of the State economy without fail. It is necessary to review various State situations in order to promptly implement appropriate projects. Priorities must be given to quick-win measures. Some greedy businesspersons manipulate the market to hike commodity prices. Hence, officials need to take action against such manipulation under the work procedures.

Those manipulators keep local currency kyat, foreign currencies and gold. FE holders commit rising the exchange rate of foreign currency and Myanmar kyat holders attempt to hike price of gold by buying gold. At the same time, prices of vehicles are on the rice more than the deserved prices. It is necessary to address their mindsets of currency holders to invest in the agriculture, livestock and manufacturing sectors directly benefiting the State and the people not to operate the businesses for easily bagging profits. So, the committee needs to systematically tackle stability of foreign currency and gold prices.

Some neighbouring countries are investigating the trade and services being conducted by Illegal remittance agencies (hundy). Due to illegal remittance agencies can harm the State economy, so it is necessary to expose them to be taken action. In trade sector, monetary measures must be linked with banks.

In its tenure, the government saw attacks on banks. Some banks faced bad conditions. If banking system collapses, State economy will fall down. Hence, the Senior General recounted that he himself coordinated with officials and provided assistance to banks. The government controlled measures for banks not to collapse. Unscrupulous persons attempted to not functioning the banks and ATMs. Although the government provided assistance to them, suspicious moves were seen in functions of some banks at that time. Such topics were mentioned in the press conferences. Up to now, it can be seen that some banks do not operate their businesses in an honest manner. As such, it is necessary to systematically monitor the functions of banks.

The Senior General stressed the need to operate manufacturing for promotion of the State economy. Likewise, it is necessary to successfully manage the State-owned enterprises. Effective measures must be done in the transport services. Weak management affected suspension of State-owned industries. State-owned enterprises contribute much to promotion of the State economy. Hence, the government is striving for resumption of these industries. With regard to the import, necessary raw materials can be produced at home. Products can be manufactured in agriculture and livestock sectors. It is necessary to emphasize the businesses which can get benefits in a short time. Due to small amount of investments in agriculture and livestock farms, domestic products are lessening and commodities are imported abroad yearly.

Myanmar has special economic zones and industrial zones. But, these zones were not operated with various reasons, so these zones do not have much progress. SEZ in Kyaukpyu, Dawei and Thilawa contributes much not only to economic development of Myanmar but to neighbouring and regional countries. As such, it is necessary to raise progress of these zones in a short time. Likewise, Kyaukpyu and Dawei deep sea ports can contribute to the State economic development and these facilities must be implemented as quickly as possible.

**Encouraging efforts for State economic promotion**

Some greedy businesses emphasize selfishness in doing business but some focus on work process contributing to the economic development of the State. Hence, the government needs to give incentives to the latter. In the past, the government managed export earnings to be handed over to the State. Later, such restriction was eased to 65 per cent and 50 per cent at present. Although the process did not face any complaints for ordering the 100 per cent export earnings to be handed to the State, some complaints emerged in easing the restrictions for the 65 per cent handover. Now, many complaints came out for the restriction of 50 per cent. The government must reduce its control in the market economic system. But, the government intervene the economic sector due to economic attacks,

*See Page 13*

*From Page 12*

sanctions and attempts to deteriorate the State economy. The government encourages businesspersons with incentives for their efforts to earn incomes for the State and manufacturing process.

**Supervise agricultural and livestock breeding zones for sustainable economy**

As ours is an agricultural country, land plots have been allotted for the establishment of agricultural and livestock breeding zones. So, the allotted land should really be used for operation. But, no activities are found in some zones. With supervision weaknesses, houses are found to have been built in the industrial zones. Thus, supervision is necessary to manage the agricultural and livestock breeding zones. Without having any operations, those allotted plots must go to real businesses.

Relevant ministries need to render assistance in domestically manufacturing farm machinery and equipment. The ministries concerned also need to review and consider the projects that contribute to the national economy.

**Promote services**

As the peak season nears, the respective regions and states are to make preparations to boost local and international tourism. Local food products must be clean and healthy while preparations are necessary to ensure the hotels, lodges, meals and related utensils meet the set standard. Relevant ministries and departments need to take supervisory measures to ensure systematic management in the tourism industry. Boosting the national economy requires not only manufacturing but also services. In the service sector, banking and transport systems must be good. Thus, all need to have a farsighted view in the effort for national economic growth.

Next, Economic Committee Secretary Union Minister for Planning and Finance U Win Shein presented a report.

Then, the union ministers and deputy ministers for foreign affairs, home affairs, border affairs, investment and foreign economic relations, information, religious affairs and culture, agriculture, livestock and irrigation, natural resources and environmental conservation, electric power, energy, industry, sports and youth affairs, construction, and commerce reported on matters related to boosting bilateral trade between Myanmar and the Russian Federation, the upgrade of Myanmar Radio and Television, the successful holding of Myanmar traditional performing arts competitions, agricultural and livestock breeding development, fishery research development, the installation of wire cables, industrial development, the presenting of cash awards for sports sector development, and upgrading of roads.

The union minister for planning and finance reported on GDP growth, the union minister for investment and foreign economic relations on granting of company registrations to local ethnic entrepreneurs, encouragement of local businesspeople and cooperation with foreign countries, the union minister for agriculture, livestock and irrigation on growing of oil palm and production of palm oil, the union minister for industry on assistance being provided for MSME development, the union minister for commerce on trade activities, the showcase of Myanmar products at a trade fair held in China, measures to prevent illicit trade and taking of action against illegal traders in accord with the law, and the union minister for legal affairs on measures that should be taken for agreements signed by government departments and organizations and companies from the regions and states.

After hearing the reports, the Senior General said it is necessary to successfully carry out cultivation of palm oil systematically. Efforts must be made to build mills to process raw palm oil into finished palm oil as soon as possible and to carry out tasks properly. Relevant ministries and companies are required to cooperate to build plants to produce raw oil palm and finished palm oil at major sites. Correct measures must be taken for transportation of goods and effective action must be taken against those who conduct illegal trade in accordance with the law. Then, the Senior General pointed out that it is necessary to use agricultural land for other purposes in accordance with the law and rules and regulations and gave necessary instructions.


Then, the Senior General made concluding remarks, saying implementing economic zones is the best way to boost the economy of the country speedily and therefore it is necessary to take measures for development of economic zones. Under the current circumstances, both border trade and normal trade must be carried out proportionately in trading. Markets must be diversified without relying on only one market. Therefore, relevant ministries and organizations are required to take necessary measures in advance.

The speedy commodity flow is important. Responsible officials are required to supervise transportation of goods to prevent unnecessary collection of fees along trading routes systematically. In border trade, different routes must be taken into consideration rather than relying on only one main route. It is necessary to upgrade Kanpaiti, Muse, Chinshwerhaw, Tachilek and Myawady border trade camps. In conducting border trade, it is necessary to inspect goods to be transported in the country in advance in order to export goods as soon as possible. Similarly, measures must be taken to build railroads in the same way as roads are used in border trade. Feasibility studies are being carried out to build the Muse-Mandalay railroad and efforts should be made to build the Chinshwehaw-Lashio railroad. Plans are underway to build a railroad from Kyaukphyu Deep Sea port to Mandalay and on completion of the railroad, commodity flow will improve. Concerted efforts must be made to resume the construction of Tamu road that contributes to connectivity between India, Myanmar and Thailand.

In exporting goods to other countries, it is important not to affect domestic consumption. Correct statistics must be made available. Intensive measures must be taken to encourage double cropping on more than 13 million acres of farmland for paddy. Efforts must be made to meet production targets for all crops including paddy. Emphasis must be placed on supply of inputs for agriculture systematically. When crop yields increase, more products can be manufactured and exported. Coffee and corn produced in the country have access to foreign markets. Therefore, it is necessary to place emphasis on them. Discussions at the meeting today contribute a lot to boosting the economy of the country. In conclusion, the Senior General urged all to exert efforts to achieve tangible success and the meeting came to a close.

100

# Fukushima: Discharge from Japan nuclear plant safe, tests show



**The water discharge from Fukushima into the Pacific Ocean began on Thursday via an underground tunnel.**

**Tokyo August 25**

The operator of the Fukushima nuclear plant says seawater samples taken around the facility are safe.

Tepco's test results come a day after the release of treated contaminated water from the plant in Japan, which was destroyed in a tsunami in 2011.

The discharge into the Pacific Ocean has sparked protests in the region and retaliation from Beijing.

Japan told its citizens living in China to keep a low profile on Friday, including talking quietly in public.

"When going out, try to be cautious, such as not speaking Japanese loudly unnecessarily," the country's embassy in Beijing said. It also warned citizens to "pay close attention to the surroundings of the embassy" if planning to visit.

Japan's consulate in Chinese-ruled Hong Kong also issued a notice warning of protests there relating to the water release, after 100 people took to the streets on Thursday objecting to the discharge.

Chinese officials have called Japan's decision to release the water "extremely selfish and irresponsible", despite the UN's nuclear watchdog approving the plan.

Beijing, the biggest buyer of seafood from Japan, imposed a ban on all such imports after the discharge of water began.

BBC

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပိုလန်သို့ Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များရောင်းချရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ခွင့်ပြု



ပိုလန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိ Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များရောင်းချရန် ဩဂုတ် ၂၁ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပိုလန်နိုင်ငံသည် AH-64E Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၉၆ စီးကို ဘိုးအင်းကုမ္ပဏီထံမှ လက်ခံရရှိလိမ့်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရောင်းချမှုနှင့်ပတ်သက်၍ သဘောတူခွင့်ပြုကြောင်း ကွန်ဂရက်သို့အကြောင်းကြားအသိပေးစာတွင် ပြောကြားထားခဲ့သည်။

ပိုလန်သည် ပြီးခဲ့သည့်နှစ်က ခေတ်မမီတော့သော ဆိုဗီယက်ခေတ်ထုတ် ရဟတ်ယာဉ်အုပ်ကို အစားထိုးရန် စီစဉ်ခဲ့ခြင်းလည်းဖြစ်ပြီး အိမ်နီးချင်း ယူကရိန်းနိုင်ငံတွင် ရုရှား၏စစ်ရေးအရအရေးယူမှုများအပေါ် စိုးရိမ်မှုများကြောင့်လည်း အလျင်အမြန် ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်ရေးရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းအစားထိုးနိုင်ခြင်းသည် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများအပေါ် ပိုလန်နိုင်ငံ၏ ရန်သူများအား တုံ့ပြန်ဟန့်တားနိုင်စွမ်းများကို တိုးတက်ကောင်းမွန်လာစေမည်ဖြစ်သလို NATO မဟာမိတ်အဖွဲ့နှင့်အတူ စစ်ဆင်ရေးများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အပြီးသတ်လုပ်ဆောင်ပြီး ဝယ်ယူထားသော ရဟတ်ယာဉ်များကို ပိုလန်သို့လွှဲပြောင်းပို့ဆောင်သည်ထိ အမေရိကန်စစ်ဘက်သည် ၎င်း၏ကိုယ်ပိုင်အရင်းအမြစ်များမှ Apache ရဟတ်ယာဉ်များကိုပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က အတည်ပြုပြောကြားခဲ့သည်။

ပိုလန်နိုင်ငံသည် ရုရှား၏အထူးစစ်ဆင်ရေးတွင် ယူကရိန်းကိုပံ့ပိုးရန် အမေရိကန်ဦးဆောင်သော ကြိုးပမ်းမှုများကို ခိုင်ခိုင်မာမာထောက်ခံခဲ့ပြီး ယူကရိန်းနိုင်ငံသို့ ပေးအပ်ထားသော ဒေါ်လာဘီလီယံပေါင်းများစွာတန် အမေရိကန် စစ်လက်နက်ပစ္စည်း အများအပြားကို ပိုလန်နယ်စပ်မှတစ်ဆင့် ဖြတ်ကျော်ပို့ဆောင်ပေးနေခြင်းလည်းဖြစ်သည်။

ပိုလန်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံ့ ပြည်တွင်းထုတ်ကုန် စုစုပေါင်း၏ လေးရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးစွဲရန်စီစဉ်ထားကြောင်း ဇန်နဝါရီလတွင် ကြေညာခဲ့ပြီး NATO အဖွဲ့ကရည်မှန်းထားသည့် နှစ်ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

ဇွန်လတွင် ပိုလန်သည် အမေရိကန်မရိန်းတပ်ဖွဲ့၏ ယခင်ကအသုံးပြုခဲ့သော တိုက်ခိုက်ရေးယာဉ်များအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပထမဆုံး Abrams ပင်မတိုက်ပွဲဝင်တင့်ကားများကို လက်ခံရရှိခဲ့သည်။

ပိုလန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ခေတ်မီ M1A2 အမျိုးအစား Abrams တင့်ကား အစီး ၂၅၀ ကိုဝယ်ယူခဲ့ပြီး ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် လက်ခံရရှိသွားနိုင်ရန်မျှော်မှန်းထားသည်။ ပိုလန်သည် Abrams ပင်မတိုက်ပွဲဝင်တင့်ကားများကို အမေရိကန်နိုင်ငံပြီးလျှင် ပထမဆုံးပိုင်ဆိုင်လာမည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်လာမည်ဖြစ်သည်။

ပိုလန်နိုင်ငံအစိုးရသည် LGBTQ အခွင့်အရေးများနှင့် မီဒီယာလွတ်လပ်ခွင့် အပါအဝင်ကိစ္စရပ်များအတွက် အမေရိကန်သမ္မတ Joe Biden ၏အုပ်ချုပ်ရေးနှင့် အစောပိုင်းက မကျေလည်မှုများဖြစ်ခဲ့သော်လည်း ယူကရိန်းပဋိပက္ခသည် အမေရိကန်နှင့် ပိုလန်နိုင်ငံကြား ဆက်ဆံရေးကို ခိုင်မာစေခဲ့ခြင်းဖြစ်သည်။

ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဥရောပတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့်စီးပွားရေးတိုးတက်မှုအတွက် တွန်းအားဟုခေါ်ဆိုခဲ့သည်။ ကွန်ဂရက်လွှတ်တော်တွင် ရဟတ်ယာဉ်သဘောတူညီချက်ကိုပြန်လည်သုံးသပ်ခွင့်နှင့်ပိတ်ဆို့ပိုင်ခွင့်ရှိသော်လည်း ကန့်ကွက်မှုများရှိလိမ့်မည်ဟု မျှော်လင့်မထားကြောင်း သိရသည်။

**US Approves $12B Apache Helicopter Sale to Poland ကို ဘာသာပြန်ဆိုထားပါသည်။**

## ဒရုန်းကာကွယ်ရေးမဟာဗျူဟာကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ကြောင်း တရုတ်(တိုင်ပေ) စစ်ဘက်အရာရှိပြောကြား



တရုတ်(တိုင်ပေ)သည် ၎င်း၏လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုတွင် ဒရုန်းကာကွယ်ရေးမဟာဗျူဟာကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ကြောင်း ဩဂုတ် ၂၂ ရက်တွင် တရုတ်(တိုင်ပေ) စစ်ဘက်မှ ဒုတိယဗိုလ်မှူးကြီး Chang Tzu-Hung က ပြောကြားခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး Chang Tzu-Hung က ခေတ်သစ်စစ်ပွဲတွင် တိုက်ခိုက်ရေးနှင့်ကင်းထောက်ဒရုန်းများ၏ အရေးပါသောအခန်းကဏ္ဍကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး သုတေသနအင်စတီကျူ၏ သတင်းလွှာတွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းများသည် ၎င်းတို့၏ အကွာအဝေး၊ ရှောင်တိမ်းနိုင်မှုနှင့် အမြင့်အမျိုးမျိုးမှ တိုက်ခိုက်နိုင်စွမ်းတို့ကြောင့် ထိရောက်သော လက်နက်စနစ်တစ်ခုဖြစ်လာနေကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။

တရုတ်(တိုင်ပေ) သည် စမ်းသပ်မှုများအတွင်း ၎င်း၏အဓိကအခြေခံ အဆောက်အအုံများကို ခုခံကာကွယ်ရာတွင် ယခုအချိန်ထိ အောင်မြင်နေသော်လည်း မီးခိုးရောင်ဇုန်ဟု ခေါ်ဝေါ်သုံးနှုန်းနေသည့် စစ်ပွဲဇုန်ဖြစ်လာနိုင်သည့်နေရာများတွင် ဒရုန်းအန္တရာယ်များကို ပိုမိုကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းရန် နည်းပညာများကို အဆင့်မြှင့်တင်သွားရမည်ဟု Chang က မှတ်ချက်ပြုခဲ့သည်။

ထိုသို့ လုပ်ဆောင်ရန်နည်းလမ်းတစ်ခုမှာ အထိရောက်ဆုံးပစ်မှတ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့်ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အထက်ဌာနသို့ သတင်းပို့ခြင်းဆိုင်ရာနည်းဗျူဟာများ၊ မဟာဗျူဟာများကို ဖော်ထုတ်အသုံးချနိုင်ရေးအတွက် အမျိုးမျိုးသောနည်းလမ်းများကို စူးစမ်းရှာဖွေကြံဆ ကြိုးပမ်းသွားရန်ဖြစ်သည်ဟု ၎င်းကဆိုသည်။

တရုတ်(တိုင်ပေ)စစ်ဘက်သည် ရန်သူဒရုန်းများကို ရေဒါထောက်လှမ်းမှုများအပြင် အနီအောက်ရောင်ခြည်နှင့် Optical Sensor အာရုံခံကိရိယာများမှ အလိုအလျောက် ထောက်လှမ်းသိရှိနိုင်စေရန် အယ်လ်ဂိုရီသမ်နည်းပညာကို ပေါင်းစပ်အသုံးပြုသင့်သည်။

ထို့ပြင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် အုပ်ဖွဲ့ဒရုန်းတိုက်ခိုက်မှုများကို ကြိုတင်မျှော်လင့်ထားချိန်တွင် တုံ့ပြန်ဖျက်ဆီးနိုင်မည့် လုပ်ငန်းစဉ်ကွင်းဆက်ကို အချိန်တိုအတွင်း လျင်မြန်စွာတန်ပြန်နိုင်ရန် စွမ်းဆောင်ရည်ပြည့်ဝသော တန်ပြန်ဒရုန်းစနစ်များကို တပ်ဖြန့်အသုံးပြုနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဒရုန်းများတိုက်ခိုက်ခြင်းမှ အရေးပါသော အခြေခံအဆောက်အအုံများကို ကာကွယ်ခြင်းသည် စစ်ဆင်ရေးတစ်ခုအတွင်း အစိုးရ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အမျိုးသားစီးပွားရေးကို ထိန်းသိမ်းထားရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း Chang က ရှင်းပြသည်။

တရုတ်(တိုင်ပေ)၏ ဒရုန်းတန်ပြန်ဆောင်ရွက်မှုများသည် အထူးသဖြင့် အသေးစားမှအလတ်စား ဒရုန်းများထိပြင်းထန်သော တိုက်ခိုက်လာနိုင်မှုများကို ကာကွယ်ရာတွင် စိတ်ချယုံကြည်စွာဖြင့် ထိရောက်မှုမရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးစစ်ဘက်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သောနှစ် မြောက်ကိုရီးယားဘက်မှ ဒရုန်းများ အစုလိုက်အပြုံလိုက် ကျူးကျော်ဝင်ရောက်မှုအတွင်း ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးကြောင်း Chang က ထောက်ပြပြောကြားခဲ့သည်။

ခြိမ်းခြောက်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်ရန် တောင်ကိုရီးယားနိုင်ငံ၏ ပျက်ကွက်မှုသည် လူနေရပ်ကွက်များပေါ် ထိခိုက်ပျက်စီးစေနိုင်သည်ဟူသော စိုးရိမ်မှုများကြောင့် Soft-Kill သို့မဟုတ် Hard-Kill တန်ပြန်တိုက်ဖျက်ရေးလက်နက်များကို အသုံးပြုရန် ဝန်လေးခဲ့ခြင်းအပေါ် Chang က အပြစ်တင်ခဲ့သည်။

**Taiwan Should Revamp Drone Defense Strategy: Military Official ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၃၆ ဧက စိုက်ပျိုးပြီးစီး




**တမူး ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၃၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော်လျာထား စိုက်ပျိုးခဲ့တာ ဧက ၂၇၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပါပြီ။ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်မှုရှိပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၇၃၅ ဧက၊ တမူးမြို့နယ်တွင် ၇၄၅ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၁၂၅၆ ဧက စုစုပေါင်း ၂၇၃၆ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များမှာ မုန်ညင်း၊ ခရမ်း၊ ငရုတ်၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ နံနံ စသည်တို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မကွေးမြို့နယ် သရက်လေးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သရက်လေးပင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်ဇေယျဟိန်း၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများသည် သရက်လေးပင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မကွေးမြို့နယ် ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



အဆိုပါ ကွန်ကရစ်လမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၃၈ သန်းအသုံးပြု၍ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများပြီးစီးမှုကြောင့် သရက်လေးပင်ကျေးရွာရှိ အိမ်ခြေ ၄၁၈ အိမ်၊ လူ ၁၇၄၃ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# နမ့်ဆန်မြို့နယ် ဇယ်တုန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ဆန် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ဇယ်တုန်ဟုန်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေ တိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဦးစားပေး အစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇယ်တုန်ဟုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၈ ဦးကို ငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၈-၂၀၂၃

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

၂ ရှေ့ဖုံးမှအဆက်

အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးကော်မတီသည် နိုင်ငံ၏စီးပွားရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အရေးကြီးသည့်ကော်မတီတစ်ခုဖြစ်ကြောင်း၊ စီးပွားရေးတွင် ပြည်တွင်းစီးပွားရေးနှင့်ပြည်ပစီးပွားရေးနှစ်ခုရှိကြောင်း၊ကိုဗစ်ကာလအတွင်း ...

၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ တွင် အပေါင်း သုံးရာခိုင်နှုန်းအထက် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊GDP ကိုးရာခိုင်နှုန်းအထက်ရှိအောင် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း၌ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင်အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည်များလည်းတွေ့ရ ...

ထုတ်ပေး၍ ပြည်တွင်းဆီထုတ်လုပ်မှုမြှင့်တင်ကာ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံပြီး ၎င်းမှတစ်ဆင့်ပြည်ပသို့ပြန်လည်တင်ပို့နိုင်သည့် Exporter အဆင့်သို့ရောက်ရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ရသင့်ရထိုက်သည့် နိုင်ငံခြားငွေများကိုမရရှိအောင် နည်းအမျိုးမျိုးဖြင့်တားဆီး ...

များက၎င်းတို့ နိုင်ငံခြားငွေတန်ဖိုးတက်စေရန်၊ မြန်မာကျပ်ငွေကိုင်ထားသူများက ရွှေဝယ်၍ ရွှေဈေးတက်အောင် ဆောင်ရွက်နေကြသည်ကိုတွေ့ရကြောင်း၊ အလားတူ မော်တော်ယာဉ်များ၏ ဈေးနှုန်းမှာလည်း ထိုက်သင့်သည့်ဈေးထက်များပြားနေသည်ကို တွေ့ရကြောင်း၊ ငွေကိုင်ထားသူများအနေဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိမည့်စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံခြင်းထက် ငွေရလွယ်ပြီး အမြတ်များများရနိုင်မည့်လုပ်ငန်းများကို ...

**ထားတိုက်ရိုက်စဲ့**ကြောင်း၊ **ဘဏ်အချို့အခြေအနေဆိုးရွားခဲ့**ကြောင်း၊ **ဘဏ်စနစ်ပြိုလဲသွားပါက တိုင်းပြည်စီးပွားရေးပြိုလဲသွားနိုင်သဖြင့် မိမိကိုယ်တိုင်တာဝန်ရှိသူများဖြင့် တိုင်ပင်ညှိနှိုင်း၍ လိုအပ်သည့် ကူညီမှု၊ထောက်ပံ့မှု၊ ရပ်တည်မှုများ ဆောင်ရွက်ပေးခဲ့ရ**ကြောင်း၊ **ဘဏ်များပြိုလဲမှုမရှိစေရေး နိုင်ငံတော်မှ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးခဲ့**ကြောင်း၊ ဘဏ်များ၌ ငွေထုတ်မရအောင် ATM စက်များ အလုပ်မလုပ်နိုင်စေရန်ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊နိုင်ငံတော်က ထိုသို့ဆောင်ရွက် ...

**အထည်ဖော်ဆောင်ရွက်နိုင်ရန်လို**ကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အားပေးချီးမြှင့်**

**စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုယ်ကျိုးသက်သက်ကိုသာ ဦးစားပေးသည့် ဝိသမလောဘသမားများရှိသကဲ့သို့** ...

> စားသုံးဆီထုတ်လုပ်မှုများမြင့်မားလာစေရေး နိုင်ငံ့စီးပွားရန်ပုံငွေများ ထုတ်ပေး၍ ပြည်တွင်းဆီထုတ်လုပ်မှုမြှင့်တင်ကာ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည့် **Exporter** အဆင့်သို့ရောက်ရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိ...

သာလုပ်ကိုင်လိုခြင်းကိုလည်း နည်းမှန်လမ်းမှန်ဖြစ်အောင်ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေများနှင့် ရွှေဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေးအတွက် မိမိတို့ကော်မတီအနေဖြင့် စနစ်တကျသုံးသပ်ကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း။

ပေးခဲ့သော်လည်း ဘဏ်အချို့၏ဆောင်ရွက်မှုမှာ ၎င်းကာလကတည်းက သံသယရှိဖွယ်များတွေ့ရှိရကြောင်း၊ သတင်းစာရှင်းလင်းပွဲများ၌လည်းပြောကြားခဲ့ကြောင်း၊ယခုအချိန်ထိလည်း အချို့သောဘဏ်များအနေဖြင့် ရိုးဖြောင့်စွာလုပ်ကိုင်ဆောင်ရွက်မှုမရှိသည်ကို တွေ့နေရ ...

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် စီးပွားရေးလုပ်ငန်းရှင်များလည်းရှိ**ကြောင်း၊ **၎င်းတို့ကို နိုင်ငံတော်အနေဖြင့် အားပေးချီးမြှင့်မှု(Incentive)များလုပ်ဆောင်ပေးရန်လို**ကြောင်း၊ယခင်က ပြည်ပပို့ကုန်တင်ပို့နေမှုများ၌ ပို့ကုန်ရငွေကို ၁၀၀ ရာခိုင်နှုန်း ...



**ဆောင်ရွက်နေမှုများကြောင့် အစိုးရအနေဖြင့် ဝင်ရောက် ထိန်းညှိဆောင်ရွက်ပေးနေရခြင်းဖြစ်**ကြောင်း၊**မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကို ပြည်ပဝင်ငွေရရှိအောင်ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အတွက် လိုအပ်သည့်ကုန်** ...

အလိုက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသာမက ဝန်ဆောင်မှု လုပ်ငန်းများလည်းပါဝင်ကြောင်း၊ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများတွင် ဘဏ် ...

ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီအုန်းသီးနှံစိုက်ပျိုးရေးနှင့်ထုတ်လုပ်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ...

ကြရန်လိုကြောင်း၊ လက်ရှိအခြေအနေများအရ မိမိတို့နိုင်ငံအနေဖြင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် Border Trade နှင့် Normal Trade နှစ်ခုလုံးကို မျှတအောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဈေးကွက်နှင့်ပတ်သက်၍လည်း တစ်ခုတည်းကိုမှီခိုခြင်းထက် အခြားဈေးကွက်များရရှိရေးအတွက်လည်း ဆောင်ရွက်ထားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ...

> အထူးစီးပွားရေးဇုန်များဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ထားဝယ် အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်တို့သည် မိမိတို့နိုင်ငံအတွက် သာမက အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုသဖြင့် တိုးတက်မှုအမြန်ဆုံးရရှိရန်နှင့် အလုပ်ဖြစ်ရန် အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်...

**ထုတ်လုပ်မှု ဆောင်ရွက်နေမှုများအပေါ် အကောင်းဆုံးဖြစ်အောင်ခြေါးစား၍ အားပေးချီးမြှင့်မှု(Incentive) များ ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း။

**စီးပွားရေးစဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ...**

စနစ်များ၊ သယ်ယူပို့ဆောင်ရေးစနစ်များ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အားလုံးက အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် စီးပွားရေးရာကော်မတီအတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ...

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လာအိုနိုင်ငံ၌ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးများ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ




**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးများ တက်ရောက်ပြီး ယနေ့ညပိုင်းတွင် လာအိုနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် (၁၈)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ National Convention Center ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်နှင့် သစ်တောရေးရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံဖြစ်သည့် ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လာအိုနိုင်ငံသဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ အဏ္ဏဝါပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ-ကိုရီးယား ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေး၊ သယံဇာတများ ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးများနှင့် အဏ္ဏဝါပလတ်စတစ်အမှိုက်သရိုက်ပြဿနာများကိုဖြေရှင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများကို အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံတို့က ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်မိတ်ဖက်သုံးနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင် အတူတကွပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ-ဂျပန် ဝန်ကြီးများအဆင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးနှင့် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံ-ဂျပန် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများနှင့် ဂျပန်နိုင်ငံက အဆိုပြုသည့် အာဆီယံရာသီဥတုနှင့် ပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာ သုံးပွင့်ဆိုင်အကျပ်အတည်းဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်မှုနှင့် ညစ်ညမ်းမှုဆိုင်ရာကိစ္စရပ်များကိုဖြေရှင်းနိုင်ရန် ဂျပန်နိုင်ငံကအဆိုပြုသည့် အာဆီယံရာသီဥတုနှင့် ပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာလုပ်ငန်းစဉ်ကို မြန်မာနိုင်ငံအနေဖြင့် ထောက်ခံကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် အာဆီယံ-အမေရိကန် ဝန်ကြီးအဆင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အာဆီယံ-အမေရိကန် မဟာဗျူဟာမိတ်ဖက်လုပ်ငန်းအစီအစဉ်အောက်ရှိ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်တွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် ဆန်းသစ်တီထွင်မှုများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ-အမေရိကန် ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သော ဒေသတွင်းနှင့် နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာရည်မှန်းချက်များကို မြှင့်တင်ဆောင်ရွက်ရန်၊ ကာဗွန်ထုတ်လွှတ်မှုနည်းသော အနာဂတ်ဖြစ်ပေါ်စေရေး တီထွင်ဆန်းသစ်မှုများကို အားပေးရန်၊ ရာသီဥတုပြောင်းလဲမှုရန်ပုံငွေများ မြှင့်တင်ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို ထောက်ပံ့ရန် စသည်တို့ကိုအတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၏ လစူးစမ်းယာဉ် လ၏တောင်ဝင်ရိုးစွန်းအနီး ကမ္ဘာ့ပထမဆုံးအောင်မြင်စွာဆင်းသက်နိုင်ခြင်းအထိမ်းအမှတ် Mission Mangal အိန္ဒိယရုပ်ရှင်ဇာတ်လမ်း ပြသ





**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၏အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ၏ လစူးစမ်းလေ့လာရေး Chadra-yaan-3 အာကာသယာဉ် လမျက်နှာပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်မှုအထိမ်းအမှတ်အဖြစ် အိန္ဒိယရုပ်ရှင်ဇာတ်ကား Mission Mangal ပြသခြင်းကို ဩဂုတ် ၂၄ ရက် ညနေပိုင်းက ချမ်းမြသာစည်မြို့နယ် Mandalay Convention Centre ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ အိန္ဒိယကောင်စစ်ဝန်ချုပ် H. E. Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အခမ်းအနား၌ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H. E. Mr. Sundeep Kaushal က အိန္ဒိယနိုင်ငံ၏ လစူးစမ်းလေ့လာရေး Chadrayaan-3 အာကာသယာဉ်၏ လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားကာ အာကာသသိပ္ပံပညာရှင်များ၏ စွမ်းစွမ်းတမံကြိုးစားအားထုတ်မှုကိုပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားတင်ဆက်ပြသမှုကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်သူများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူလူထုအား အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် စိန်ပန်းလမ်းမကြီး ၃၆လမ်းနှင့် ၃၇ လမ်းကြား စိန်ပန်းဈေး၌ ပြည်သူလူထုအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လာရောက်ဝယ်ယူသူများကို အဆင်ပြေချောမွေ့စွာဖြင့် ရောင်းချပေးသွားရေးနှင့် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း ပြောကြားပြီး ရောင်းချပေးနေသူများနှင့် လာရောက်ဝယ်ယူသူများကို လိုက်လံနှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၃၅လမ်းမှ ၂၂လမ်း ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ သက်ဆိုင်ရာဌာနများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အင်းကုန်းစက်ရုံက စမ်းသပ်ထုတ်လုပ်ထားသည့် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး



**နေပြည်တော် ဩဂုတ် ၂၅**

တောင်သူများအတွက် စရိတ်သက်သာဝန်ပေါ့ပြီး အလုပ်တွင်ကျယ်စေမည့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး သုတေသနပြုလုပ်ခြင်း၊ စမ်းသပ်တီထွင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သားရှားပါးလာမှုနှင့် ကောက်စိုက်သမလိုအပ်ချက်အခက်အခဲကို ကျော်လွှားနိုင်ရန် တောင်သူအချို့အနေဖြင့် ကောက်စိုက်စက်အသုံးပြုလိုကြသော်လည်း ရင်းနှီးမြှုပ်နှံနိုင်မှု အကန့်အသတ်များရှိသည့်အတွက် တန်ဖိုးနည်းကောက်စိုက်စက်များကိုအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယမန်နေ့က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနစိုက်ကွင်းတွင် စက်မှုလယ်ယာဦးစီးဌာန အင်းကုန်းစက်ရုံက စမ်းသပ်ထုတ်လုပ်ထားသည့် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

ဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်၏ အစိတ်အပိုင်းအလိုက် တပ်ဆင်ထားရှိမှု၊ ထပ်မံအဆင့်မြှင့်တင်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထုတ်လုပ်မှုစရိတ်၊ စက်စွမ်းအားနှင့် တောင်သူများ ဝယ်ယူအသုံးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကောက်စိုက်စက်အား ထပ်မံဖြည့်စွက်ထည့်သွင်းဆောင်ရွက်သင့်သည်များကို အကြံပြု၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားကာ ဝန်ထမ်းများကို ဂုဏ်ပြုငွေများထောက်ပံ့ပေးအပ်သည်။

လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သားရှားပါးလာလျက်ရှိရာ စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်ကြဲပက်စိုက်ပျိုးမှုကြောင့် မျိုးစေ့လေလွင့်ဆုံးရှုံးမှု၊ မြေဆီလွှာပျက်စီးမှုနှင့် သီးနှံအထွက်နှုန်းကျဆင်းမှုများ ကြုံတွေ့နိုင်သဖြင့် စက်ကိရိယာအသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် စရိတ်သက်သာဝန်ပေါ့ပြီး အလုပ်တွင်ကျယ်စေမည့် ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်ကို စက်မှုလယ်ယာဦးစီးဌာနက စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအသုံးပြုနေကြသော ကောက်စိုက်စက်များမှာ တန်ဖိုးကြီးမားသော်လည်း ယခုစမ်းသပ်ဆောင်ရွက်လျက်ရှိသည့် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်မှာ လက်ဆွဲမြေထွန်စက်သုံး အပေါ့စားအင်ဂျင်ကိုအသုံးပြုထားပြီး တစ်ဧကလျှင် နှစ်နာရီခန့်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုစရိတ်မှာ သိန်း ၂၀ ဝန်းကျင်ဖြစ်၍ တောင်သူများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်ရှိ နယ်မြေခံရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံ စားသောက်ကုန်ပစ္စည်းများ ပေးအပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ဒံပေါက်ထမင်းဘူးများနှင့် ရေသန့်ဆေးပြားများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ နယ်မြေခံရဲတပ်ဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ နယ်မြေခံတပ်ခန်းမများ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ဒံပေါက်ထမင်းဘူးများနှင့် ရေသန့်ဆေးပြားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၃၇၀၈၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံရှိ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်၊မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါမြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော သံဃာတော်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲများ ကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး မန္တလေးတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ နှင့်ဆုပေးပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆု ရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို တိုင်းစစ်ဌာနချုပ်ရှိ မင်းမန္တလာ (တပ်နယ်ဘောလုံးကွင်း)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မန္တလေးတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ နှင့်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အသင်းလိုက် ဆုရရှိကြသူများနှင့်ဒိုင်းဆုရရှိသော မင်္ဂလာဒုံတပ်နယ် အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြု ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း မင်္ဂလာဒုံတပ်နယ်အသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဩဂုတ် ၁၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစား အလိုက် ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်း ဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ် အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား တာဝန်ရှိသူများက တံခွန်စိုက် ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကွပ်ကဲမှု အောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဩဂုတ် ၁၉ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား တာဝန်ရှိသူတစ်ဦးက ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၃ ခုနှစ် (၆၂)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၃ ခုနှစ် (၆၂) ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက် ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေး ပွဲကို ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသော အားကစားသမားများနှင့် တံခွန်စိုက်ဒိုင်းဆု ရရှိသော အသင်းတို့ကို ကာကွယ်ရေးဦးစီး ချုပ်(လေ) ကိုယ်စား လေကြောင်းအတတ် သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ် ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၂၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ဩဂုတ် ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၅၁၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မော်လမြိုင်မြို့ရှိ ပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ(၂/၂၀၂၃) သင်တန်းဆင်းပွဲပြုလုပ်




**နေပြည်တော် ဩဂုတ် ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ(၂/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါပညာရေး ဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက သင်တန်းဆင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ "မွန်လူငယ်များနေ့" သီချင်းနှင့် "စည်းလုံးခြင်းသည် အင်အား"သီချင်းတို့ဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းရင်းသားဘာသာ စာပေသင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲကို သင်တန်းသား၊ သင်တန်းသူ ဦးရေ ၁၆၀ ဖြင့် ဩဂုတ် ၁၄ ရက်မှ ယနေ့ထိ ဖွင့်လှစ်သင်ကြားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း သင်တန်းသူတစ်ဦးကို သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။**

# သိန်းနီမြို့နယ် မန်လုံကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ် မန်လုံကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျေးရွာရှိ မန်လုံခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဒေသခံပြည်သူ ၇၀ ဦးကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီးECG စက်၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သိန်းနီတပ်နယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သိန်းနီမြို့နယ် မန်လုံကျေးရွာရှိ ဒေသခံပြည်သူများအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူတစ်ဦးက ကြည့်ရှုအားပေးစဉ်။**



# သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမပေါ်ရှိ မြေပြိုကျပျက်စီးခဲ့သည့်နေရာ၌ သုံးလွှာတစ်ထပ်ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီး၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်



**နေပြည်တော် ဩဂုတ် ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၇ ရက်က သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၄၉ မိုင် နှင့် ၅ ဖာလုံ အကြား နေရာ၌ လမ်းမြေသားပြတ်ထွက် မြေပြိုကျမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လမ်းပိတ်ဆို့ခဲ့သည့် နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို ဩဂုတ် ၁၀ ရက်မှ စတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအောက်ရှိ အဖွဲ့များက ယာဉ်ယန္တရားများဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ အရှည် ပေ ၇၀၊ တံတားအကျယ် ၁၉ ပေ ၁၀ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၈ လက်မ၊ တံတားခံနိုင်ဝန် ၅၅ တန်၊ သုံးလွှာ တစ်ထပ်ဘေလီသံပေါင်တံတား တည်ဆောက်ခြင်း၊ ကျောက်ခင်းခြင်း၊ မူလရှောင်ကွင်းလမ်း၏ လမ်းပခုံးမြေသား ကပ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၄ ရက်တွင် ပြီးစီးခဲ့သဖြင့် ယနေ့မှစ၍ မူလရှောင်ကွင်းလမ်းနှင့် ဘေလီသံပေါင်တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်းနှင့်အဆိုပါ ကော့ကရိတ်-မြဝတီ အာရှလမ်းမတစ်လျှောက် လမ်းပြိုကျပျက်စီးခဲ့သည့် နေရာများကို အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးလိုအပ်သည့်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမပေါ်ရှိ မြေပြိုကျပျက်စီးခဲ့သည့်နေရာ၌ သုံးလွှာတစ်ထပ်ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကိုတွေ့ရစဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thida Thinn" Facebook အကောင့်ပိုင်ရှင်ဖြစ်သူမန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျောင်ရပ်ကွက်နေ သီတာသင်းကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Myo Min Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ်(ဆ) ရပ်ကွက်နေ မျိုးမင်းထက်(ခ) ကိုမျိုးကို ညနေ ၃ နာရီတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန် အပ်ပါသည်။

0w Kv H @




# နောင်းခဲ့ပြီ

အောင်းမာန်ဝင့်အောင်(တောင်ကြီး)

(၁)

"ဟဲ့ မိနှောင်းတို့သားအမိကို ရွာထိပ်မှာ တွေ့ခဲ့တယ်တဲ့"

"ဟုတ်လို့လားဟယ်"

"တကယ်ပါဆို။ ဘထွန်းမြိုင်ကိုယ်တိုင် တွေ့ခဲ့တာတဲ့"

"ဟယ် မြို့ကို အပြီးပြောင်းသွားတာ ဆယ်နှစ်ဆယ်မိုး ရှိပြီ။ အခုက ဘာလို့"

"ဘယ်သိမှာလဲဟ"

"မိနှောင်းအမေ ဒေါ်အေးဆင့်တစ်ယောက် တော်တော်မကျန်းမာပုံ ပေါက်နေတာတဲ့ဟယ်"

"ဟုတ်လား"

သစ်ရိပ်မြိုင်ရွာထဲ ယနေ့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ရပ်ရွာကိုစွန့်၍ မြို့ကြီးကိုအထင်ကြီးပြီး ပြောင်းသွားကြသည့် မိနှောင်းတို့သားအမိ ရွာပြန်ရောက်နေပြီဆိုသောသတင်းက အားလုံးအတွက် ထူးဆန်းနေကြသည်။ တစ်ယောက်စကား တစ်ယောက်ကြားပြီး လုပ်လက်စအလုပ်များရပ်ကာ ဒေါ်အေးဆင့်တို့ သားအမိနှစ်ယောက်အကြောင်းသာ ပြောနေကြတော့သည်။ စပ်စုချင်ကြသော ရွာသူတချို့ကတော့ ရွာထိပ်ကိုပင် ထွက်သွားကြ၏။ ကျန်သည့်သူများကလည်း စိတ်ဝင်စားစွာ သူတို့အကြောင်း ပြောဆိုနေကြတော့သည်။

"မြို့မှာနေတာ အဆင်ပြေနေပြီဆို။ အခုမှ ဘာဖြစ်တာလဲဟယ်"

"မယုံနိုင်စရာနော်။ ငါတို့ မြို့ပေါ်ရောက်တုန်းက မခေါ်ချင်သလို၊ မပြောချင်သလိုပါအေ။ ဘဝမေ့နေကြတာ သားအမိနှစ်ယောက်စလုံး"

"ဟုတ်ပ့ါ ဒေါ်ဘုရယ်"

စကားပြောကြရင်း ရွာအဝင်လမ်းက ဝင်လာကြမည့် မိနှောင်းတို့သားအမိနှစ်ယောက်ကိုသာ စိတ်ဝင်စားနေကြတော့သည်။

(၂)

"အဖေမှ မရှိတော့တာ အမေရယ်။ သမီးတို့ မြို့ကိုပဲ ပြောင်းနေတော့မယ်"

"ဟဲ့ နင်က မြို့မှာ ဘာလုပ်တတ်လို့လဲ"

"ဟာ အမေကလဲ ဒီက လယ်တွေ၊ ယာတွေ၊ နွားတွေရောင်းခဲ့ပေ့ါ။ အဲဒါတွေကရတဲ့ငွေနဲ့ အရင်းအနှီးလုပ်ကြတာပေ့ါအမေရာ"

သမီး မိနှောင်းစကားကြောင့် ဒေါ်အေးဆင့် စဉ်းစားမိသည်။ သည်ရွာတွင်နေသည်မှာ သူ့အသက် ၅၀ ရှိခဲ့ပြီဖြစ်သည်။ ဘာမျှတိုးတက်မှုမရှိဘဲ နေလာခဲ့သည်မှာ သမီးလေးမိနှောင်းတောင် အသက် ၂၀ ရှိပြီဖြစ်သည်။ တချို့ဆို မြို့ပြောင်းသွားကာ ကြီးပွားနေသည်ကိုကြည့်ပြီး အားကျမိသည်။ ခင်ပွန်းသည် ရှိတုန်းက မြို့ကိုပြောင်းရန် ပြောခဲ့သော်လည်း လက်မခံခဲ့ချေ။

"အေးဆင့် နင် ဘာစိတ်ကူးပေါက်တာလဲ။ ငါ ရပ်ရွာကိုပဲ ငါချစ်တယ်။ မြို့မှာ ငါဘာမှမလုပ်တတ်ဘူး။ ဒီမှာနေရတာ အေးချမ်းပါတယ်ဟာ"

သွားလေသူ ခင်ပွန်းသည်စကားကို မလွန်ဆန်နိုင်ခဲ့၍ သည်လိုပဲနေခဲ့ရသည်။ ယခုတော့ သမီး မိနှောင်းအကြံကို သဘောတူကာ မြို့တွင်နေရန် ဆုံးဖြတ်လိုက်တော့သည်။ လယ်၊ ယာများ၊ နွားများကို ရောင်းချခဲ့ပြီး အိမ်လေးကိုတော့ ဝမ်းကွဲအစ်မထံ အပ်ထားခဲ့သည်။ အားလုံးက တားကြသော်လည်း သားအမိနှစ်ယောက် နားမဝင်ကြတော့ပေ။

"အို. . . ဒီတောမှာနေပြီး ပင်ပန်းမခံနိုင်တော့ဘူး။ မြို့ပေါ်မှာပဲ စီးပွားရေးလေးလုပ်မယ်။ ကျွန်မသမီးလေးကိုလဲ ဒီကလူတွေနဲ့ အကြောင်းမပါစေချင်ဘူး။သမီးလေးက သူဌေးကတော်ဖြစ်မဲ့ရုပ်ရှင့်။ တစ်နှစ်ပတ်လုံး ကုန်းရုန်းလုပ်တာတောင် ဘာမှ မစုနိုင်တာ။ မြို့ပေါ်မှာပဲ တိုးတက်အောင် လုပ်ရမယ်ရှင့်"

အမူအရာတွေက မြို့မရောက်သေးဘူး။ လယ်ရောင်း၊ ယာရောင်း၊ နွားရောင်းရသည့် ငွေများ ပိုက်ပြီး မာန်တက်သွားကြသော မိနှောင်းတို့သားအမိကိုကြည့်၍ မည်သူမျှ မပြောတော့ချေ။ အားလုံးက မသိသလိုသာ နေကြတော့သည်။ မြို့ကို သားအမိနှစ်ယောက် ပြောင်းသွားသော်လည်း ရွာထဲက လူများကို နှုတ်ဆက်မသွားကြချေ။ ရွာထဲက လူတချို့က မနေနိုင်၍ သွားနှုတ်ဆက်သည်ကို မျက်နှာလွှဲသွားကြ၍ အားလုံးစိတ်မကောင်းဖြစ်ကာ ကျန်ခဲ့တော့သည်။

(၃)

မြို့ကို စီးပွားရှာရန် ပြောင်းသွားခဲ့သော မိနှောင်းတို့သားအမိနှစ်ယောက် အသိတစ်ယောက် အဆက်အသွယ်နှင့် လုံးချင်းအိမ်လေးငှား၍ နေကြသည်။ အသွင်အပြင်များပြောင်း၍ ဟိတ်ဟန်နှင့်နေကြကာ အိမ်ဖော်ပင်အိမ်တွင်ထားပြီး သူဌေးစတိုင်နှင့် နေကြတော့သည်။

"မိနှောင်း ညည်းဝယ်တာတွေ များနေပြီနော်။ ဟိုနေ့က ယူသွားတာ ငွေတစ်သိန်း။ အခုငါးသောင်း မလွန်ဘူးလားအေ"

"အမေရယ် ဒီလောက်တော့ သုံးရမှာပေ့ါ။ ဒီလိုဝတ်နိုင်မှ လူတောတိုးနိုင်မှာလေ။ လမ်းထိပ်က မရွှေစင်နဲ့ အိမ်၊ ကားပွဲစားလုပ်ဖို့ ပြောထားပြီးပြီ။ အမေ အလုပ်ဖြစ်ရင် ဆယ်ဂဏန်း ခဏလေးပဲတဲ့ အေးဆေးပါ"

ဆယ်တန်းသုံးခါကျ မိနှောင်း။ ယခုတော့ နာမည်က နှောင်းသခင်ဟု ပြောင်းထားပြီဖြစ်သည်။ ခေတ်ပေါ် အဝတ်အစားများနှင့်မိနှောင်း လှချင်တိုင်းလှနေသည်မှာ အမှန်ပင်ဖြစ်သည်။

"အမေလဲ ဟိုဘက်လမ်း ဒေါ်ရှိစီတို့နဲ့ ဖဲဝိုင်းပဲ သွားနေတာနော်"

"အမယ်. . . မနေ့က ငါးပြားနိုင်လာတယ်အေ။ ညည်းတောင် ဘဲကင်စားရတယ်မို့လား"

"များများနိုင်အောင်လုပ် အမေရေ"

"စိတ်ချပါအေ။ ငါ ကျွမ်းပြီးသားပါ"

ရွာကတည်းက ဖဲရိုက်ဝါသနာပါသည့် ဒေါ်အေးဆင့်တစ်ယောက် မြို့ရောက်တော့ သူ့ဗီဇဝါသနာတူများနှင့် ဖဲဝိုင်းတွင်သာ အချိန်ကုန်တော့သည်။

"ဟဲ့ မိတူး၊ ရော့ ဟင်းချက်စရာဖိုး။ အဝတ်တွေလျှော်ထား။ အခန်းတွေလဲ သန့်ရှင်းရေးလုပ်ထားအုံး။ ဘုရားပန်းလဲ လဲထားနော်။ မီးဖိုခန်းလဲ ညစ်ပတ်နေတာပဲ"

အရာရာ အိမ်ဖော်ကိုသာခိုင်း၍ သားအမိနှစ်ယောက် အပြင်တွင်သာ အချိန်ကုန်ကြတော့သည်။ သုံးလေးနှစ်အတွင်း ကံကောင်းတယ်ပြောရမလား မသိ။ မိနှောင်းကလည်း ပွဲစားလောကတွင် နာမည်တစ်ခု ရလာသည်။ နှောင်းသခင်ပါလျှင် ပွဲဖြစ်၍ အားလုံးက နှောင်းသခင်နှင့်သာ အလုပ်လုပ်ကြသည်။

"ကားလား ရတာပေ့ါ၊ ဘယ်လောက်သုံးမလဲ။ အိမ်လား လုံးချင်းလဲရတယ်။ အခန်းလဲ ရတယ်။ ကြိုက်တာပြော။ နှောင်းသခင်ကို အပ်ထားတာ အများကြီး"

ငွေကိုရေလိုသုံးကြသည်။ ဝင်ငွေကောင်းနေတော့ ဒေါ်အေးဆင့်လည်း ဖဲဝိုင်းတွင် စိတ်ကြိုက်သုံးတော့သည်။ မိနှောင်းကလည်း မိခင်စိတ်ကြိုက်နေခွင့်ပြုသည်။ ပေးသုံးသည်။ အရာရာငွေဖြင့်ခင်း၍ ဖြေရှင်းနိုင်ပြီဟုခံယူကာ ဘဝပင်မေ့နေကြတော့သည်။

"ဒီလောက်လေး ရှုံးတာများ မမဆင့်ရယ်။ သမီးအလုပ်တစ်ခု ဖြစ်စာတောင်မရှိဘူး။ ဖုန်းလှမ်းဆက်လိုက် တန်းရောက်လာတာများ။ ဆော့ချင်ရင် ရှိစီဆီမှာ ယူထား။ အေးဆေးမှပေး"

နှောင်းသခင်ကလည်း မိခင်အလိုလိုက် စိတ်တိုင်းကျ နေစေသည်။

"အမေရယ် လိုရင်ပြော။ စိတ်ချမ်းသာအောင်နေ"

သူကိုယ်တိုင်လည်း စိတ်တိုင်းကျနေ၍ အလုပ်အကိုင်ကလည်း အဆင်ပြေသူမို့ ပွဲစားများနှင့် တရှုန်းရှုန်း။ အိမ်နီးချင်းနိုင်ငံများထိ သွားရောက်လည်ပတ်နိုင်သော နှောင်းသခင်ဖြစ်ခဲ့သည်။ စိတ်အလိုလိုက်ခဲ့သည်။ ငွေရလျှင် ဘာမဆိုလုပ်နိုင်သော နှောင်းသခင်မို့ ခဏသာပျော်ရွှင်လိုကြသော လူချမ်းသာတို့အတွက်၊ လုပ်ဖော်ကိုင်ဖက်တို့အတွက် နှောင်းသခင် မပါမဖြစ် ဖြစ်ခဲ့သည်။

(၄)

"ဟာ အမေကလဲ လွန်တာပေ့ါ သိန်းတစ်ရာလုံး။ အခု သမီးမှာ ငွေအဲဒီလောက်မရှိဘူးလေ"

ဒေါ်အေးဆင့် ဖဲကြွေး သိန်းရာချီတင်ခဲ့သည်။ မိုက်တွင်းနက်ကာ အကြွေးပင်လယ်ဝေခဲ့တော့သည်။ မိနှောင်းတစ်ယောက် အပ်ထားသောအခန်းတစ်ခု ရောင်းချကာ ဆပ်ပေးလိုက်သည်။ အသေးအဖွဲမို့ ဂရုမစိုက်ခဲ့ပေ။ ဖဲကြွေးဆပ်လိုက်ရပြီးနောက် ဝင်ငွေနှင့်ထွက်ငွေက လုံးချာလိုက်နေပြီး သားအမိနှစ်ယောက်နွံထဲနစ်နေကြသော်လည်း ဒေါ်အေးဆင့်က လောင်းကစားမလျှော့ပေ။ မိနှောင်းလည်း အရောင်းအဝယ်မှာ နာမည်စ၍ ကျလာတော့သည်။

"ကတိ မတည်ဘူးကွာ"

"လုပ်ပုံ မဟုတ်သေးဘူး"

"အလုပ်မဖြစ်သေးဘူး ငွေက ကြိုတောင်းနေတယ်"

"နေ့တိုင်း လာချူနေတယ်ကွာ"

"အရင်လို မလှတော့ဘူးကွ"

"ရှောင်နေလိုက်ကွာ"

ငွေရမည့်လမ်းများ ပိတ်ကုန်သည်။ ဒေါ်အေးဆင့်လည်း အစားမမှန်၊ အအိပ်မမှန်၍ ရောဂါတောင်တိုးလာသည်။ မိနှောင်း မိခင်ကိုကြည့်၍ စိတ်ညစ်စွာ ညည်းတွားမိတော့သည်။ အလုပ်အကိုင်က ယခင်လို မဖြစ်တော့ စားသောက်ရန်ပင် ခက်လာတော့သည်။

"အမေကလဲ ဝင်ငွေမရှိမှ ဖြစ်ပြီ"

အိမ်တွင် စုထားသမျှကုန်ပြီ။ ရောင်းစား၍ရသမျှ အကုန်ရောင်းကြတော့သည်။ အိမ်ဖော်လည်း လခ ပုံမှန်မရ၍ ပြေးပြီဖြစ်သည်။ လက်ကြောတင်းအောင် မလုပ်ချင်သော သားအမိနှစ်ယောက် ဘာလုပ်လုပ် အဆင်မပြေတော့ပေ။ အိမ်လခ မပေးနိုင်တော့၍ အိမ်ရှင်က မောင်းချသည်။ ပေးစရာ ငွေမရှိ။ ပြေးစရာ မြေမရှိ။ ကူညီမည့်သူ မရှိသည့် နှောင်းသခင်တို့ သားအမိ အထုပ်လေးဆွဲပြီး ရွာသို့ပြန်လာခဲ့ရသည်။

"ရွာပဲ ပြန်ရတော့မှာပေ့ါ သမီးရယ်"

"မြို့မှာ ဆယ်နှစ်ကျော် နေခဲ့ပြီးမှ အမေရယ်။ သမီးတော့ ရှက်တယ်"

"ဩော်. . . သမီးရယ်၊ အခြားဘယ်သွားမှာလဲ။ အမေတို့မှာ နေစရာ မပူရတာဆိုလို့ ရွာကအိမ်လေးပဲရှိတော့တယ်လေ။ အမေတို့က ဘဝမေ့ပြီး မိုက်တွင်းနက်ခဲ့တာကိုး။ ရွာကလူတွေကို ဘယ်လိုမျက်နှာပြရမလဲ မသိပါဘူး သမီးရယ်"

"ဟင်း"

မိနှောင်း သက်ပြင်းရှည်ကြီးချမိတော့သည်။ မြို့တွင် အဆင်ပြေနေတုန်းက၊ ရွာကလူများ လာလည်တုန်းက မတူသလို၊ မတန်သလို ဆက်ဆံခဲ့သည်။ ဘဝမေ့ခဲ့သည်။ စကားပြောကြမ်းခဲ့သည်။ ယခုတော့ နောင်တရကာ ရှက်ရွံ့နေမိတော့သည်။ သို့သော် ပြေးစရာမြေမရှိသောကြောင့် မျက်နှာပူပူဖြင့် မိမိတို့ မွေးရပ်မြေသို့သာ ပြန်ခဲ့ရလေပြီ။

စာမျက်နှာ ၂၅သို့ ➤

# ကန့်ဘလူခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၅၂၂၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၀၄၁၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၁၅၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ အခု ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ ပြောင်းစိုက်ပျိုးတာဟာ ကုန်ကျစရိတ်သက်သာပြီး တောင်သူတွက်ခြေကိုက်သီးနှံဖြစ်တဲ့အတွက် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၃၆၆၂၄ ဧက၊ ဖူးစားပြောင်း ၆၈၁ ဧက၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၇၃ ဧက စုစုပေါင်း ၁၅၂၂၇၈ ဧက ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၈၄၉၉ ဧက၊ ဖူးစားပြောင်း ၆၇၅ ဧက၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စုစုပေါင်း ၁၀၄၁၆၉ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့်ဆေး အသုံးပြုရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သိန်းနီမြို့နယ် ဟိုတာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သိန်းနီ ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဟိုတာကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ဟိုတာကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဟိုတာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၃၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် အေးချမ်းပြည့်ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ဟိုတာကျေးရွာမှ အိမ်ခြေ ၁၂၃ အိမ်၊ လူ ၆၀၉ ဦးတို့၏ လယ်ယာမြေဧက ၁၂၆ ဒသမ ၅ ဧကမှ ထွက်ရှိသော ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**



➤ စာမျက်နှာ ၂၄မှအဆက်

(၅)

"အမေ သက်သာရဲ့လား"

"အေးပါ သမီးရယ်။ သက်သာပါပြီ။ ရွာထဲရောက်ဖို့ လိုသေးသလားသမီး"

"ရွာထိပ်ရောက်ပြီအမေ"

"အင်း အင်း"

ယခင်လို သာယာနေသည့်ရွာကလေးက ဘာမျှ မပြောင်းလဲပေ။ ပြောင်းလဲသွားသည်မှာ မိနှောင်းတို့ မဟုတ်ပါလား။ အဆင်ပြေတုန်းက တစ်ခါလေးတောင်မလာခဲ့သည့် မိနှောင်းတို့သားအမိ ယခုတော့ ခြေချစရာက သူတို့ဇာတိရွာလေးပဲ ရှိသည်မဟုတ်ပါလား။ ဘဝမေ့၊အတိတ်မေ့သည့် မိနှောင်းတို့သားအမိ။ ယခုတော့ အသွင်ပြောင်းချင်သော်လည်း ဘဝမေ့ခဲ့ကြ၍ ဘဝများစုတ်ပြတ်ကုန်ပြီဖြစ်သည်။ ကံကြမ္မာမျက်နှာသာပေးသော်လည်း အရမယူခဲ့ကြသည့် မိနှောင်း။ သုညဘဝရောက်မှ ဌာနေရင်းသို့သာ ပြန်လာခဲ့ရသည်။ နေစရာအိမ်လေးကရှိသေး၍ ဖြေသာသေးသည်။ မိနှောင်းဘဝမှ နှောင်းသခင်။ နှောင်းသခင်မှ ယခုတော့ မူလနေရာ မိနှောင်း။ အချိန်များ နှောင်းခဲ့ပြီဖြစ်သည်။ ရွာထိပ်ညောင်ပင်အောက်တွင် မိနှောင်းအကြော်ဆိုင်လေးက မကြာမီပေါ်လာတော့သည်။ ယခုတော့ မိနှောင်း အကြော်ကြော်ရောင်းနေရသည်။ အစောကြီးထရသည်။ ချွေးလေးတစိုစိုနှင့်ဌာနေပြန် မိနှောင်း၊ ယခုတော့ ဒေါ်လေးနှောင်း ဖြစ်လာတော့သည်။

"ဒေါ်လေးနှောင်းရေ အကြော်စုံတစ်ပွဲ"

"ဒီဘက်ကောဟေ့"

"ဒီမှာ နှစ်ပွဲ"

"ရေနွေးကြမ်း ကုန်နေပြီဟေ့"

"ဗိုက်ဆာပြီဗျို့"

"အကြော် မြန်မြန်လေး ဒေါ်လေးနှောင်းရေ"

"လာပါပြီရှင်"

"ခဏလေးပါရှင်"

အပြောချိုချိုလေးနှင့် အကြော်သည် ဒေါ်လေးနှောင်းတစ်ယောက် အလုပ်တန်ဖိုး နှောင်းမှသိခဲ့ရသည်။ ဘဝရပ်တည်ဖို့ရာ ကြိုးစားရှာနေရတော့သည်။ အတိတ်ကိုပြန်မတွေးတော့ပေ။ ယခုလက်ရှိဘဝ ရှင်သန်ရပ်တည်နိုင်ရန် ဒေါ်လေးနှောင်းတစ်ယောက် သံသရာမကုန်သေးသရွေ့ ကြိုးစားရှန်းကန်ရဦးမည် မဟုတ်ပါလား။

## အလှတရား

\- လောကမှာ အလှတရား
များပြားစွာ ရှိကြပေ၊
ခန္ဓာကိုယ် အလှတရား
ခြယ်သကာနေ၊
စိတ်အလှကျ မေ့လျော့ချေ
အတ္တတွေ ကြီးနေသား၊
မာနမာန် အတောမသတ်တော့
ရမွှက်တွေများ။

\- ကိုယ့်စိတ်မှာ မေတ္တာပွား
အေးချမ်းသွား အမုန်ကွယ်၊
တရားကို နှလုံးသွင်း
စိတ်ရှင်းလှမယ်၊
လောကအလှ ဆေးရေးခြယ်
စိတ်ဉယျာဉ်ဝယ် ပန်းစုံမွှေး၊
လေပြည်မှာ ဂုဏ်သတင်းက
ပျံ့သင်းစေလေး။

\- ဖြည့်ကူညီ နေထိုင်တွေး
လက်ကမ်းပေး ဖော်ရွေကာ၊
ကိုယ့်ထက်သာ မုဒိတာပွား
စိတ်ထားကြပါ၊
ဆုံတွေ့ကြ ခဏမှာ
ချစ်ခင်စွာ ဆက်ဆံသွား၊
လောကကို အမြဲလှဖို့
ပြုကြပါလား။ ။

**မြင့်မိုရ်လင်း(ရှောင်းဆုံ)**

# ငပုတောမြို့နယ် တမန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပုတော ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ တမန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် ဝန်ထမ်းများက တမန်ချောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်နိုး**

စာအုပ်စာပေ လူ့မိတ်ဆွေ

# လင်းယုန်သစ်လွင်၏ ဘုံကျွန်

**ပုသိမ်အောင်သန်းဦး**

သာလှသည် မြစ်ဝကျွန်းပေါ်ကျေးလက်ရွာသား၊ သူ့ဖခင်သည် သူကြီးဦးရွှေကျူး၏ သူရင်းငှားလယ်ကူလီ၊ လယ်ယာကိစ္စသာမက အခြားအိမ်မှုကိစ္စများကိုလည်း ကူညီရသည်။ သာလှ၏မိခင်သည် သူကြီးကတော်၏ လက်တိုလက်တောင်းအစေအပါးအဖြင့် သူကြီးဦးရွှေကျူး၏ ခြေတော်တင်ခြင်းခံရပြီး သူ့ဖခင်ကို သူကြီး၏လူများက ချောင်းမြောင်းသတ်ပစ်ခြင်း ခံခဲ့ရသည်။

ဖခင်မရှိသောအခါ သာလှတို့သားအမိသည် သူကြီး၏အိမ်နောက်ဖေးဆောင်သို့ ရောက်ခဲ့ကြသည်။ သာလှ၏အမေသည် ကျွန်တစ်ပိုင်း၊ တိတ်တိတ်ပုန်းမိန်းမတစ်ပိုင်းဖြစ်ခဲ့ရပြီး သာလှအသက် ၁၃ နှစ်တွင် ဖျားနာကာ ကွယ်လွန်ခဲ့သည်။ မိခင်မရှိသည့်နောက် သာလှသည် အိမ်အကူလယ်ကျွန်ဖြစ်ခဲ့ရသည်။

ဦးရွှေကျူးအိမ်တွင် သူရင်းငှားသုံးဦးရှိသည့်အနက် တစ်ဦးကိုဖြုတ်ကာ သာလှကို သူရင်းငှားအလုပ်လုပ်စေသည်။ သာလှကလည်း အလုပ်ကို ကြိုးစားလုပ်ကိုင်ပေးခဲ့သည်။ သူကြီး ဦးရွှေကျူးတွင် ရွှေခင်အမည်ရှိ သမီးတစ်ယောက်ရှိသည်။ သာလှနှင့်ရွယ်တူဖြစ်သည်။ ရွှေခင်သည် အခြားသူများနှင့်မတူ သာလှကို ခင်သည်။ သာလှကလည်း ခင်မင်သည်။ မကြာမီ သာလှနှင့် ရွှေခင်တို့ ရည်းစားဘဝသို့ ရောက်ခဲ့ကြသည်။

တစ်နေ့တွင် သာလှနှင့် ရွှေခင်တို့ ချိန်းတွေ့ကြစဉ် သူကြီးဦးရွှေကျူးတွေ့ရှိပြီး သာလှအား ရိုက်နှက်ထိုးကြိတ်သည်။ သာလှသတိပြန်ရသောအခါ သူကြီးကတော်က ထပ်မံရိုက်နှက်လေရာ သာလှသတိမေ့သွားပြန်၏။ သတိရသောအခါ သာလှအား ထိတ်တုံးခတ်ထားသည်ကို တွေ့ရပြီး ရဲဌာနသို့တိုင်ကြားသည်။ ရဲများက လာရောက်ဖမ်းဆီးသောအခါ သူကြီးဦးရွှေကျူးက သာလှသည် သူ့သမီးရွှေခင်ကို စော်ကားရန် ကြံစည်မှု၊ သူ့အား ဓားဖြင့်ခုတ်ရန်ကြံစည်မှုတို့ဖြင့် တိုင်ကြားထားကြောင်း သိရသည်။

တရားရုံးတွင် ရွှေခင်က သာလှသည် သူ့ကို စော်ကားရန်ကြံကြောင်း၊ သူ့ဖခင်အားလည်း ဓားဖြင့်ခုတ်ရန်ကြိမ်းမောင်းကြောင်း ထွက်ဆိုခဲ့သဖြင့် တရားရုံးမှ ထောင်နှစ်နှစ်ချလိုက်သည်။ သာလှ ထောင်မှထွက်သောအခါ မည်သို့သွားရမှန်းမသိဖြစ်နေစဉ် ပတ္တရောင်ရဲများနှင့်တွေ့ရှိပြီး သင်္ဘောပေါ်တင်ကာ သူ့ရပ်ရွာသို့ပြန်ပို့လိုက်သည်။

ရွာသို့ပြန်ရောက်သောအခါ သာလှသည် ရွာရှိ အိမ်တိုင်း၏အလုပ်ကိုလုပ်ကာ ဘုံကျွန်ဖြစ်လာသည်။ သာလှ ရိုးသားစွာအလုပ်များလုပ်နေခိုက် သူကြီး ဦးရွှေကျူးက သူ့ကို အလုပ်ပြန်လုပ်စေချင်ဟန်ဖြင့် အိမ်သို့ချိန်းသည်။ မနက်ဖြန်နံနက် ၄ နာရီခန့် သူ့အိမ်သို့လာရန် သူ့အိမ်ပေါက်မှစောင့်နေမည်ဖြစ်ကြောင်း ပြောသည်။ သာလှလည်း နံနက် လေးနာရီခန့် ဦးရွှေကျူးအိမ်သွားရာ တောင်းတစ်တောင်းကို ပေးပြီး တောင်းကို တစ်ဖက်ရွာသူကြီးထံ သွားပို့ရန်စေခိုင်းသည်။

သာလှ တောင်းကိုထမ်းပြီး ရွာပြင်အထွက် ဦးရွှေကျူး၏တပည့်များနှင့် ရွာရှိလူကြီးများက သာလှကို မသင်္ကာဟုဆိုကာ ဖမ်းသည်။ တောင်းထဲတွင် သူကြီးကတော်၏အဝတ်များနှင့် ရွှေခင်၏အဝတ်အစားများကိုတွေ့ရှိရာ ခိုးမှုဖြင့် တရားစွဲလေသည်။ တရားရုံးမှ သာလှကို ခိုးမှုဖြင့် ထောင်တစ်နှစ် ချလိုက်သည်။

ယခုတစ်ခေါက် ထောင်မှထွက်လာသောအခါ သာလှရွာသို့မပြန်တော့ချေ။ ထောင်ထဲတွင် သိကျွမ်းသူတစ်ဦးအား အဖော်ပြုကာ ရန်ကုန်သို့လာခဲ့သည်။ ရန်ကုန်သို့ရောက်သောအခါ ထမင်းဆာသဖြင့် ချောင်ကျကျကုလားထမင်းဆိုင်တွင် ထမင်းစားပြီးနောက် ထွက်ပြေးခဲ့ကြသည်။ လမ်းတွင် သူတို့လိုလူသုံးယောက်နှင့်ဆုံသည်။ သူတို့သည်လည်း လည်သလိုလုပ်ကိုင်စားနေကြသူများဖြစ်သည်။ သူတို့သည် ညတွင် ရန်ကုန်ဘူတာကြီးရှိ မီးရထားတွဲများပေါ် အိပ်ကြကာ နေ့တွင် ခါးပိုက်နှိုက်၊ လုယက်ခြင်းအလုပ်များဖြင့် အသက်မွေးနေကြသူများဖြစ်သည်။ ထို့ကြောင့် သာလှသည် မကြာခဏ ထောင်ထဲသို့ဝင်ခဲ့ရလေသည်။ ထောင်မှထွက်လာသောအခါ ဒုစရိုက်မျိုးစုံကို ကျူးလွန်ပြန်လေသည်။ ပြည့်တန်ဆာအိမ်များသို့လည်း ရောက်သည်။ မိန်းမထိန်းကြီးတစ်ဦး၏ တိတ်တိတ်ပုန်းလင်လည်းဖြစ်နေလေသည်။ အနေအစားချောင်လာသည်။ လူရည်လည်လာသည်။ တောသားပုံမဟုတ်တော့။

ဤအတောအတွင်း သာလှသည် ရွှေခင်ကိုမမေ့၊ သူ့အပေါင်းအသင်းများက ရွှေခင်၏သတင်းကို အရင်စုံစမ်းရန်အကြံပေးသည်။ သာလှ သင်္ဘောဆိပ်ဆင်းပြီး ရွာမှလာသူများထံ သတင်းစုံစမ်းသည်။ ရွှေခင်သည် မြေပိုင်ရှင်တစ်ဦးနှင့်ညားနေပြီး ကလေးနှစ်ယောက်ပင် မွေးဖွားခဲ့ပြီးဖြစ်ကြောင်း သတင်းရသည်။ သာလှဘဝ မိုးမှောင်ကျခဲ့ပြီ။ သာလှသည် ရန်ကုန်တွင်နေပြီး ဒုစရိုက်လောကတွင်သာ ကျင်လည်နေတော့သည်။

သူသည် ပြည့်တန်ဆာအိမ်တွင်နေရင်း လာရောက်ဆက်ဆံကြသော လူကြီးလူကောင်းဆိုသူတို့ကိုလည်း ရွံရှာမုန်းတီးလာသည်။ ထို့ပြင် လူ့လောကတစ်ခုလုံးကိုလည်း ရွံရှာနာကြည်းလာသည်။ မြန်မာတစ်ပြည်လုံးရှိ သူ့လို ဘုံကျွန်လူတန်းစားများအတွက် ရင်လေးရင်း လွတ်မြောက်ရန်လမ်းစကို ရှာကြံနေမိသည်။

ဘုံကျွန်သည် ဇာတ်ဆောင်က ကိုယ်တိုင်ပြောပြသည့် ဇာတ်လမ်းအမျိုးအစားမျိုးဖြစ်သည်။ ၆၄ ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ကြီးတွင် ရန်ကုန်ဆေးရုံကြီးရှိ လူနာခုတင်ပေါ်မှ မိတ်ဆွေသုံးဦးအား "ကျုပ်"ဟူသောနာမ်စားကိုသုံး၍ သာလှက သူ့ဘဝဇာတ်ကြောင်းကို ပြန်လည်ပြောပြဟန်နှင့် ဇာတ်လမ်းကိုဖွင့်သည်။ ကြားတွင် အမေးအမြန်းမရှိ၊ သာလှကသာ ဇာတ်ဆုံးသည်ထိ ပြောပြသွားလေသည်။ သာလှ စကားဆုံးသည်နှင့် ဝတ္ထုလည်းပြီးဆုံးလေသည်။

သာလှ၏စကားများထဲတွင် သူ့အကြောင်းကို ပြောပြနေရင်းမှ ရန်ကုန်ဆေးရုံကြီး၏ ချို့ယွင်းချက်များ၊ ပုလိပ်တို့၏ နိမ့်ကျသောဘဝအခြေအနေ၊ ခါးသီးသောထောင်သားများ၏ဘဝ၊ ရန်ကုန်မြို့တရားရုံးများမှ ပြည့်တန်ဆာလေလံပွဲများအကြောင်းတို့ကို ဖော်ပြထားသည်။ သာလှသည် အနာဂတ်မြန်မာနိုင်ငံ၏ ရှေ့ရေးကို တွေးဆကြည့်ထားသည်။

၁၉၅၄ ခုနှစ်က ရန်ကုန်မြို့၏ ဒုစရိုက်လောက အခြေအနေများကိုလည်း တင်ပြထားသည်။ အဓိက ဇာတ်ကောင်သာလှ၏ စရိုက်ပေါ်လွင်သည်။ ထို့အတူ သာလှ၏မိခင်၊ ဖခင်၊ သူကြီးဦးရွှေကျူး၊ သူကြီးကတော်၊ ရွှေခင်နှင့် ဆယ်အိမ်ခေါင်း၊ သူရင်းငှားကိုကြက်ရိုးတို့၏စရိုက်လည်း ပီပြင်လေသည်။

ဆရာလင်းယုန်သစ်လွင်၏ အမည်ရင်းမှာ ဦးအေးမောင်ဖြစ်သည်။ ၁၉၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ညောင်တုန်းမြို့၌ အဖ ဦးဖိုးနီ၊ အမိ ဒေါ်နှင်းဦးတို့က မွေးဖွားခဲ့သည်။ ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အဋ္ဌမတန်းထိ ပညာသင်ကြားခဲ့ဖူးသည်။

စစ်ပြီးခေတ်တွင် ဗမာ့ခေတ်၊ ဟံသာဝတီ၊ လင်းယုန်သတင်းစာတို့တွင် သတင်းထောက်လုပ်ခဲ့သည်။ လင်းယုန်၊ ပြည်တော်သစ်၊ မိုးသောက်ဂျာနယ်တို့တွင် အယ်ဒီတာလုပ်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် "သီတာသောင်ခြေဦး"ဝတ္ထုရှည်ဖြင့် စာပေဗိမာန်ဆု၊ ၁၉၆၈ ခုနှစ်တွင် ယိုးဒယားမြန်မာမီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်းဖြင့် အမျိုးသားစာပေစာပဒေသာဒုတိယဆုရခဲ့သည်။

၁၉၇၁ ခုနှစ်တွင် အမျိုးသားစာပေဝတ္ထုရှည်ဆုကို "မမ္မဝိလာသ"စာအုပ်ဖြင့် ရရှိခဲ့သည်။ ဆရာကြီးလင်းယုန်သစ်လွင်၏ အခြားထင်ရှားသောစာအုပ်များမှာ မေတ္တာသာလျှင်၊ သေမင်းတမန်လမ်းပေါ်ဝယ်နှင့် သက်စွန့်ဆံဖျားဝတ္ထုရှည်တို့ဖြစ်ကြသည်။

သီတာသောင်ခြေဦးဝတ္ထုရှည်ကို ရုပ်ရှင်ရိုက်ခဲ့သည်။ ဇာတ်ညွှန်းကို ဆရာလင်းယုန်သစ်လွင် ကိုယ်တိုင် ရေးသားခဲ့သည်။

**ကိုးကား**

**– မလိစ၏ မြန်မာဝတ္ထုအညွှန်း**

❖ ရွာသို့ပြန်ရောက်သောအခါ သာလှသည် ရွာရှိ အိမ်တိုင်း၏အလုပ်ကိုလုပ်ကာ ဘုံကျွန်ဖြစ်လာသည်။ သာလှ ရိုးသားစွာအလုပ်များလုပ်နေခိုက် သူကြီး ဦးရွှေကျူးက သူ့ကို အလုပ်ပြန်လုပ်စေချင်ဟန်ဖြင့် အိမ်သို့ ချိန်းသည်။ မနက်ဖြန်နံနက် ၄ နာရီခန့် သူ့အိမ်သို့လာရန် သူ့အိမ်ပေါက်မှ စောင့်နေမည်ဖြစ်ကြောင်း ပြောသည်။ သာလှလည်း နံနက် လေးနာရီခန့် ဦးရွှေကျူးအိမ်သွားရာ တောင်းတစ်တောင်းကိုပေးပြီး တောင်းကို တစ်ဖက်ရွာသူကြီးထံ သွားပို့ရန်စေခိုင်းသည်။ သာလှတောင်းကိုထမ်းပြီး ရွာပြင်အထွက် ဦးရွှေကျူး၏တပည့်များနှင့် ရွာရှိလူကြီးများက သာလှကို မသင်္ကာဟုဆိုကာ ဖမ်းသည်။ ❖

---

# မြောက်ဦးမြို့နယ် မောင်ရှိကန်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နိုင်ရေး စစ်ဆေး



**မြောက်ဦး ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာကဏ္ဍအသီးသီးကို အကျိုးပြုစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မောင်ရှိကန်ကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာကွန်ကရစ်လမ်းကော်မတီဝင်များနှင့်အတူ မောင်ရှိကန်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်မည့် နန်းရာမြီကုမ္ပဏီမှလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မြောက်ဦးမြို့နယ် မောင်ရှိကန်ကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခွင့်ပြုရန်ပုံငွေကျပ် ၈၃ ဒသမ ၀၇၂ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့် ခုနစ်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရသန်းဖြင့် နန်းရာမြီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ဦး က ပြောပြ၍ သိရသည်။

**ကိုသန်း**

# စစ်ကိုင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၉၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းကိုတွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၉၇၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံစိုက်ပျိုးရန်အတွက် သီးနှံအလိုက်လျာထားမှုအနေဖြင့် ငရုတ် ၁၁၄၆ ဧက၊ ကြက်သွန်နီ ၁၇၇၁ ဧက၊ ကြက်သွန်ဖြူ ၆၂ ဧက စုစုပေါင်း ၂၉၇၉ ဧကဖြစ်ကြောင်း သိရသည်။

"စားဖိုဆောင်းသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ စားဖိုဆောင်းသီးနှံတွေကို GAP စနစ်တွေနဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဒီနှစ် လာမဲ့ဆောင်းရာသီမှာ စားဖိုဆောင်းသီးနှံဧက ၂၉၀၀ ကျော်စိုက်ဖို့လျာထားတယ်။ မနှစ်က ဆောင်းရာသီမှာ ဧက ၃၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားချက်ထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် စားဖိုဆောင်းသီးနှံ ၂၉၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြက်သွန်နီ ၁၉၀၇ ဧက၊ ကြက်သွန်ဖြူ ၇၁ ဧက၊ ငရုတ် ၁၁၅၈ ဧက စုစုပေါင်း ၃၁၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် စစ်ကိုင်းမြို့နယ်၌ စားဖိုဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန် စိုက်ပျိုးနည်းစနစ်များ၊ GAP စိုက်နည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာများကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် စားဖိုဆောင်းသီးနှံ ၃၁၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။ (၂၀၆)

# ပန်းတောင်းမြို့နယ် ပဲကြီးအင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပန်းတောင်း ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲကြီးအင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေနှင်းဦးနှင့် တာဝန်ရှိသူများက ပန်းတောင်းမြို့နယ် ပဲကြီးအင်းကျေးရွာ၌ ကျေးရွာတွင်း အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက လမ်းရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေး ကျေးရွာပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၇၅ သန်းဖြင့် Trillion Engineering United ကုမ္ပဏီက ယခုနှစ် ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ပဲကြီးအင်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလျက်ရှိကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေနှင်းဦးထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ကျောင်းကုန်းမြို့နယ်၌ ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**ကျောင်းကုန်း ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးကောင်းရရှိနေ ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လအတွင်းက ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ထိသာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း သိရသည်။

"အခု ချင်း ၁၀ ပိဿာကို ငွေကျပ် ၄၅၀၀၀ ဈေးရရှိနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်တဲ့သူတွေက အဓိကအဆင်ပြေတာပေါ့။ အခုလို ချင်းဈေးကောင်းလာတာကလဲ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကပါ ဝယ်ယူမှုရှိနေလို့ဖြစ်ပါတယ်။ ဒေသထွက်ချင်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပြီး ပြည်ပဈေးကွက်ကို ရန်ကုန်ဈေးကွက်ကနေတင်ပို့ပါတယ်"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စန်းဌေးက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲပြီး ချင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းများကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးလွယ်ကာကျေးရွာအုပ်စု နမ့်ဟူးလွယ်ကာကျေးရွာ၌ ကျေးလက်စီးပွားရန်ပုံငွေမြင့်မားရေးထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးတင်အောင်လွင်က စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခေတ္တမြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကျေးလက်စီးပွားရန်ပုံငွေမြင့်မားရေးထူထောင်ခြင်းစီမံကိန်း ပထမအကြိမ်အဖြစ် တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာရှိ နာနတ်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ အဖွဲ့ဝင်ငါးဦးပါ အစုအဖွဲ့လေးဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နံ့လာ**



# ကျောက်ပန်းတောင်းမြို့နယ်၌ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျောက်ပန်းတောင်းမြို့နယ် ရေကလေး-ကျင်းခေါင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးလွင်၊ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဒေါ်ဖြူဖြူဇော်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့(ရုံးချုပ်)မှ သုတေသနလက်ထောက် ဦးဟိန်းပြည့်စုံအောင်တို့က ကျောက်ပန်းတောင်းမြို့နယ် ရေကလေး-ကျင်းခေါင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်က လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရေကလေးနှင့် ကျင်းခေါင်းကျေးရွာ အပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်ထံမှ သိရသည်။

**အေးသူ**

# မြန်မာ့ယဉ်ကျေးမှု အမြင့်သဘင် ရုပ်သေးအနုပညာ

**ကိုကျော်စွာ(ကျိုက်ပိ)**

ယနေ့ခေတ်တွင် ရုပ်သေးသဘင်ကို ဝေါဟာရအဖြစ်သာ သိကြတော့သည်။ စာရေးသူကိုယ်တိုင်ပင် ရုပ်သေးခေတ်ကို မမီခဲ့ပေ။ ရုပ်မြင်သံကြားတွင် တစ်ခါတစ်ရံ ကပြသည်ကိုသာ တွေ့ဖူးသည်။ ထိုကဲ့သို့ တွေ့မြင်ခဲ့ရာမှ ရုပ်သေးသဘင်ကို နှစ်သက်ခဲ့ခြင်းဖြစ်သည်။ ကြိုးများချုပ်နေသော အရုပ်ကလေးများကို အဆိုအငိုဖြင့် ကပြနေခြင်းသည် စိတ်ဝင်စားစရာကောင်းလှသည်။ ရုပ်သေးပညာသည် ခက်ခဲနက်နဲမည်ဟု ယူဆမိသည်။ အကြောင်းမှာ ကြိုးများစွာဖြင့် အဆို၊ အငို၊ အက၊ အခုန်၊ နောက်ခံတေးသွား၊ အပြောများဖြင့် အံဝင်ခွင်ကျဖြစ်အောင် ကြိုးဆွဲကပြနေရသောကြောင့်ဖြစ်သည်။ အဆိုပါ ရုပ်သေးအနုပညာသည် မြန်မာလူမျိုးတို့၏ယဉ်ကျေးမှု အမွေအနှစ်တစ်ခုလည်းဖြစ်သည်။

**မြန်မာ့ရုပ်သေးပညာ ပေါ်ပေါက်လာပုံ**

ရှေးလူတို့သည် လူ့သဘာဝ၊ လူ့စရိုက်များကို လူသားတို့ကိုယ်တိုင် လှုပ်ရှားကပြကြရသည်။ ၎င်းကိုပင် ဇာတ်သဘင်ဟုခေါ်ဆိုကြသည်။ ထိုနည်းအတူပင် ရုပ်သေးအနုပညာဟူသည် လူအစား အရုပ်ကလေးများကိုကြိုးဆွဲ၍ လှုပ်ရှားကပြ သရုပ်ဖော်စေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်လည်း မြန်မာ့ရုပ်သေးသည် မြန်မာလူမျိုးတို့၏ လက်မှုပညာတစ်ခုလည်းဖြစ်သည်။ ရုပ်သေးပညာပေါ်ပေါက်လာခြင်းမှာ ရှေးလူတို့သည် သရုပ်ဆောင်ကပြရာတွင် အချို့သောနေရာများ၌ ဟီရိဩတ္တပ္ပတရားကို ထိခိုက်ဟန်တူပါသည်။ ထို့ကြောင့် ဟီရိဩတ္တပ္ပတရားကြီးမားသော မြန်မာတို့သည် လူအစား အရုပ်များကို သဘာဝကျကျ သရုပ်ဆောင်ကပြစေခဲ့ရာမှ ရုပ်သေးအနုပညာ ပေါ်ပေါက်လာခဲ့သည်ဟုဆိုသည်။

**မြန်မာ့ရုပ်သေးအစ**

မြန်မာ့ရုပ်သေးပညာသည် ၁၁ ရာစု ပုဂံခေတ်ကတည်းက ပေါ်ပေါက်ခဲ့သည်ဟုဆိုသည်။ တချို့က အင်းဝခေတ်ကတည်းကပေါ်ပေါက်နေပြီဟု ပြောကြသည်။ မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်က နန်းတက်သော ဘကြီးတော်မင်းတရားလက်ထက်က ဇော်တဗန္ဓုဘွဲ့ခံ သဘင်ဝန်ဦးသော်က စတင်စီစဉ်ရာမှ ပေါ်ပေါက်ခဲ့သည်ဟုလည်း ပြောကြသည်။ သို့သော် ဦးသော်မှာ ရုပ်သေးကို ပညာရပ်တစ်ခုအနေဖြင့် ပိုမိုသေချာအောင် စည်းကမ်းဥပဒေများဖြင့် ချမှတ်ခဲ့ခြင်းသာဖြစ်သည်ဟုလည်း ပြောကြသည်။ သမိုင်းအထောက်အထားများနှင့်တကွ ရုပ်သေးကြိုးဆွဲသမားဆိုသည့် စကားအသုံးအနှုန်း မှတ်စုမှတ်တမ်းများ အပြည့်အစုံကိုမူ ခရစ်နှစ် ၁၄၄၄ ခုနှစ်ခန့်တွင် တွေ့ရသည်ဟု သိရသည်။ ထို့ကြောင့် မြန်မာ့ရုပ်သေးအနုပညာသည် နှစ်ပေါင်း ၅၇၀ ကျော်ရှိပြီဖြစ်သည်။ မြန်မာ့ရုပ်သေးအနုပညာ အထွန်းကားဆုံးအချိန်မှာ ခရစ်နှစ် ၁၈၂၁ ခုနှစ်မှ ၁၈၈၅ ခုနှစ် ကုန်းဘောင်ခေတ်ဟုဆိုသည်။

**ကမ္ဘာ့ရုပ်သေးအနုပညာ**

ရုပ်သေးပညာကို လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀၀ ခန့်ကစခဲ့သည်။ ကမ္ဘာပေါ်တွင်လည်း ထိုအချိန်ကပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အကြောင်းမှာ ဥရောပ ဆလိုဗက်ကီးယားဒေသမှ တူးဖော်ရရှိသော လက်လှုပ်သစ်သားအရုပ်က သက်သေခံနေသောကြောင့်ဖြစ်သည်။ မှတ်တမ်းများအရ တရုတ်နိုင်ငံတွင် ဘီစီ ၁၀၀၀ ခန့်မှစ၍ ရုပ်သေးပေါ်ပေါက်ခဲ့ပြီး တန်မင်းဆက်လက်ထက်တွင် ရုပ်သေးပညာ အထွန်းကားဆုံးဖြစ်သည်။ အိန္ဒိယနိုင်ငံ၌လည်း ဘီစီ ၅၀၀ တွင် ရုပ်သေးပေါ်ပေါက်နေပြီဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် တွေ့ရသည်ဟု ဆောင်းပါးတစ်ပုဒ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။

ဆရာဇေယျ၏အဆိုအရ အိန္ဒိယယဉ်ကျေးမှု သဘင်ပညာရှင်များနှင့် မြန်မာအနုပညာရှင်များ တွေ့ဆုံကြရာမှ ရုပ်သေးအကြောင်းမေးမြန်းရာ ကမ္ဘာ့ရုပ်သေး၌ ကြိုးဆွဲရုပ်သေး၊ တုတ်ထိုးရုပ်သေးနှင့် အိတ်စွပ်ရုပ်သေးဟူ၍ သုံးမျိုးရှိရာ အိန္ဒိယ၌ အိတ်စွပ်ရုပ်သေးမရှိဟု ဆိုသည်။ အိတ်စွပ်ရုပ်သေးဟူသည် အရုပ်အတွင်းသို့ လက်ဖြင့်စွပ်၍ကပြခြင်းဖြစ်သည်။ လူသုံးဦးခန့်ဖြင့် ဇာတ်တစ်ဇာတ်လုံး ကပြနိုင်သည်ဟုဆိုသည်။ ဇာတ်စင်လည်း ကျဉ်းသည်။ စာရေးသူတို့နိုင်ငံတွင်လည်း တုတ်ထိုးရုပ်သေးနှင့် ကြိုးဆွဲရုပ်သေးဟူ၍ရှိရာ ကြိုးဆွဲရုပ်သေးသာ ထင်ရှားသည်။ ပြင်သစ်နိုင်ငံတွင်မူ ၁၂ ရာစု၌ ရုပ်သေးကပြနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၁ ရာစုဖြစ်ပြီး ပြင်သစ်နိုင်ငံတွင် ၁၂ ရာစုဆိုသောကြောင့် မြန်မာနိုင်ငံသည် ပြင်သစ်ထက်စောသည်ဟု ဆိုရမည်ဖြစ်သည်။

**ရုပ်သေးခေါ်တွင်ပုံ**

မြန်မာ့ရုပ်သေးပညာသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက အလေးထားခဲ့သော ယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်သည်။ ယနေ့ခေတ်၌ တွင်တွင်ကျယ်ကျယ် ကပြမှုနည်းပါးလာသော်လည်း ရုပ်သေးပညာကို ယခုတိုင် ထိန်းသိမ်းထားဆဲဖြစ်သည်။ ရုပ်သေးဟူသောဝေါဟာရမှာ မူရင်းအခေါ် မဟုတ်ပေ။ မူရင်းအခေါ်မှာ "ရုပ်စုံ"ဖြစ်သည်။ အရုပ်စုံပါသောကြောင့်ဟု ယူဆမိသည်။ တချို့မှာ အရုပ်ကြီးများကိုသုံးကြပြီး တချို့မှာ အရုပ်သေးများကို သုံးကြသည်။ အရုပ်ကြီးသုံးသောစင်ကို ရုပ်ကြီးစင်ဟုလည်းကောင်း၊ အရုပ်သေးသုံးသောစင်ကို ရုပ်သေးစင်ဟုလည်းကောင်း ခေါ်ကြသည်။

အရုပ်ကြီးများသည် ကြိုးဆွဲရာတွင်လေးသောကြောင့် ကြိုးဆွဲဆရာများပင်ပန်းလှသဖြင့် နောက်ပိုင်းတွင် အရုပ်အသေးများကိုသာ အသုံးပြုလာကြသည်။ ၎င်းအရုပ်အသေးကိုအစွဲပြု၍ ရုပ်သေးဟု ခေါ်ကြဟန်တူသည်။ ရှေးက နိုင်ငံကျော် ရုပ်သေးဆရာတချို့မှာ ဦးဖိုးညို၊ ပုခန်းဆရာညိုနှင့် မင်းသားကြီးကြယ်တံခွန်တို့ဖြစ်ကြသည်။ ထိုအချိန်တွင် ရုပ်ကြီးပညာရှင်များလည်း နည်းပါးလာသည်။ ထိုခေတ်က ထင်ရှားသော ရုပ်ကြီးပညာရှင်မှာ ဦးဖုန်းမိုဖြစ်သည်။ နောက်ပိုင်းတွင် ရုပ်သေးများသာ များပြားလာသဖြင့် ရုပ်သေးဟုသာ အမည်တွင်ခဲ့ဟန်တူသည်။

**အမြင့်သဘင်နှင့် ရုပ်သေးရုပ်များ**

ရှေးက ရုပ်သေးသဘင်ကို အမြင့်သဘင်ဟု ခေါ်ကြသည်။ အကြောင်းမှာ ရုပ်သေးကိုမြေဝိုင်းသဘင်ကဲ့သို့ မြေပေါ်တွင်မကဘဲ မြင့်သောနေရာ၌ ကပြသောကြောင့် အမြင့်သဘင်ဟု ခေါ်ခြင်းဖြစ်သည်။ ရုပ်သေးစင်၏အမြင့်မှာ သုံးတောင်ရှိသည်။ ခန်းဖွင့်မှာ ငါးတောင်ရှိသည်။ မြန်မာ့ရုပ်သေးရုပ်အရေအတွက်မှာ ရုပ်သေးစင်တစ်စင်နှင့်တစ်စင် မတူသည်ရှိသကဲ့သို့ တူသည်လည်းရှိသည်။ အရုပ်ပေါင်းမှာ ၂၈ ရုပ်ရှိသကဲ့သို့ ၃၆ ရုပ်ထိလည်းရှိကြသည်။ ထိုအရုပ်များအနက် ၂၈ ရုပ်ကို ဖော်ပြပါမည်။ ၎င်းတို့မှာ စင်စောင့်ဘိုးတော်ရုပ်၊ သိကြားရုပ်၊ မာတလိရုပ်၊ ရှင်ဘုရင်ရုပ်၊ ဝန်ရုပ် လေးရုပ်၊ မင်းသားကြီးရုပ်၊ အဘိုးကြီးရုပ်၊ အမယ်ကြီးရုပ်၊ မင်းသားရုပ်၊ မင်းသမီးရုပ်၊ လက်စွဲတော်ရုပ် လေးရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ကျားရုပ်၊ ဘီလူးရုပ် နှစ်ရုပ်၊ နဂါးရုပ်၊ ဂဠုန်ရုပ်၊ မျောက်ရုပ်၊ ဇော်ဂျီရုပ်၊ ကျေးရုပ်၊ ပြေပြူးရုပ်တို့ဖြစ်သည်။



**ရုပ်သေးစင်ပြုလုပ်ရာတွင် သတ်မှတ်ချက်များ**

ရုပ်သေးစင်သည် ရှေ့ဘက်တွင် ခုနစ်ပင်၊ နောက်ဘက်သုံးပင်ဖြစ်သဖြင့် ရှေ့ကားပြီးနောက်ကျဉ်းသည်။ ရုပ်သေးစင်ပြုလုပ်ရာတွင် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကြသောင်းဝါး၊ ကြခတ်ဝါးကိုမသုံးရ။
(၂) သက်ငယ်မဟုတ်လျှင်မမိုးရ။
(၃) ဝါးဆက်ရာတွင် ပိုးဆက်သာဆက်ရမည်။ တော့ဆက်မဆက်ရ၊ ဝါးခေါင်းထဲသို့အခြားဝါး ထိုးမဆက်ရ။
(၄) လက်တန်းတွင် မင်းပေါက်ထည့်သောအခါ အဆိုပါမင်းပေါက်သည် ပွဲခင်းထဲရှိမင်းလမ်း၊ ဆိုင်းဝိုင်းနှင့်တည့်နေရမည်။
(၅) ရုပ်သေးစင်ကိုသက်ငယ်မိုးသောအခါ အစဉ်လိုက်ရှိနေရမည်။
(၆) ရုပ်သေးစင်ကို ရှာဘက် ကျောပေးမဆောက်ရ။
(၇) ရုပ်သေးစင်ပေါ်သို့ အမျိုးသမီးမတက်ရ။
(၈) ရုပ်သေးစင်ပေါ်တွင် မှောက်လျက်မအိပ်ရ။
(၉) အရုပ်ထည့်သော ချပ်ဖာများကို ခြေဖြင့်မကန်မိစေရ။
(၁၀) စင်စီးရုပ်ဖြစ်သည့် ဘိုးတော်ရုပ်၊ ရသေ့ရုပ်များကို စင်၏ခေါင်းရင်း၌ အမြဲချိတ်ထားရမည်။

ဤအချက်များကို မလိုက်နာပါက ခိုက်တတ်သည်ဟုဆိုပါသည်။ ဤကား ဆရာဆင်ဖြူကျွန်းအောင်သိန်း၏ ဆောင်းပါး၌ ဖော်ပြထားခြင်းဖြစ်သည်။ မြန်မာ့ရုပ်သေးစင်မှ မဟုတ်ပါ။ မြန်မာလူမျိုးတို့ အဆောက်အအုံဆောက်လျှင် ဆောင်ရန်ရှောင်ရန်များရှိပါသည်။ ဤကား မြန်မာ့ဓလေ့ဟုပင် ဆိုရပေမည်။

**မြန်မာ့ယဉ်ကျေးမှု ရုပ်သေးအနုပညာ**

ရုပ်သေးပညာသည် ခက်ခဲသောမြန်မာ့ယဉ်ကျေးမှုအနုပညာဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်မှစ၍ ထွန်းကားခဲ့သည့် အနုပညာရပ်ဖြစ်သည်။ စဉ့်ကူးမင်းလက်ထက်တွင်မူ အမြင့်သဘင်နှင့် အနိမ့်သဘင်တို့ ထွန်းကားခဲ့သည်။ အမြင့်သဘင်ဟူသည် ရုပ်သေးသဘင်ဖြစ်ပြီး အနိမ့်သဘင်ဟူသည် ဇာတ်သဘင်ဖြစ်သည်။ မြေပေါ်တွင်ကပြသောကြောင့် အနိမ့်သဘင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ရုပ်သေးသဘင်သည် မန္တလေးတွင် ခေတ်စားခဲ့သည်။ ဘကြီးတော်လက်ထက်မှ သီပေါမင်းလက်ထက်ထိဖြစ်သည်။ ထိုမှ ခရစ်နှစ် ၁၈၈၈ ခုနှစ်တွင် မန္တလေးမှ ရန်ကုန်သို့ဆင်း၍ ကပြခဲ့ကြသည်။ ထို့ပြင် ရုပ်သေးပညာကဲ့သို့သော ပညာရပ်တစ်ခုလည်း ရှိပါသေးသည်။ အဆိုပါပညာရပ်မှာ တုတ်ထိုးပညာဖြစ်သည်။ အဆိုပါ တုတ်ထိုးပညာသည် အရုပ်များကို အောက်မှ တုတ်ဖြင့်ထိုး၍ ကပြခြင်းမျိုးဖြစ်သည်။ စာရေးသူငယ်စဉ်က တစ်ခါကြည့်ခဲ့ဖူးသည်။

ရုပ်သေးကို ရှေးက ဘုရင့်သားတော်၊ သမီးတော်များကသာ အသုံးတော်ခံကြရသည်။ နောက်ပိုင်းတွင် ဘုရားပွဲ၊ အလှူပွဲနှင့် ဘုန်းကြီးပျံပွဲများတွင် ရုပ်သေးပွဲများ ကပြလာခဲ့ကြသည်။ ရှေးယခင်က စာရေးသူတို့နိုင်ငံတွင် ဗဟုသုတယူစရာ သတင်းစာ၊ ဂျာနယ်ကဲ့သို့ အရာများမရှိသေးပေ။ ထို့ကြောင့် ရုပ်သေးပွဲကိုသာ ကြည့်ရှုကြရသည်။ ရုပ်သေးအနုပညာတွင် ဇာတ်ဝင်ခန်းနောက်ခံသည် အလွန်အရေးပါသည်။ ထိုအသံက လူတို့ကို ဖမ်းစားခြင်းဖြစ်သည်။ ထို့ကြောင့် "ရုပ်သေးမှာအသံ၊ ဇာတ်မှာဟန်"ဟု ပြောစမှတ်ပြုကြဟန်တူပါသည်။ အသံနှင့်ဇာတ်ဝင်ခန်း အံဝင်ခွင်ကျဖြစ်အောင် ကပြရသည်။ ထို့ကြောင့် မြန်မာ့ရုပ်သေးအနုပညာသည် "တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့်ခက်"ခြင်းဖြစ်သည်။

မြန်မာ့ရုပ်သေးပညာသည် ကမ္ဘာကိုဝင်ဆံ့သည်။ ၁၉၆၈ ခုနှစ်က မြန်မာနိုင်ငံသို့ ဩစတြေးလျနိုင်ငံမှ ရုပ်သေးကြိုးဆွဲ လာရောက်ကပြခဲ့သည်။ ထို့နောက် မန္တလေးမှ ရုပ်သေးပညာရှင်များနှင့် တွေ့ဆုံပွဲ၌ မြန်မာ့ရုပ်သေးပညာကို မမီကြောင်း ပြောကြားခဲ့သည်။ ရုပ်သေးအနုပညာသည် မြန်မာ့ယဉ်ကျေးမှုဖြစ်သည်။ သို့သော်လည်း ၁၉၇၅ ခုနှစ်ခန့်ကစ၍ တဖြည်းဖြည်းပျောက်ကွယ်လာခဲ့သည်။ ထို့ကြောင့် ယဉ်ကျေးမှုဌာနက မြန်မာ့ရုပ်သေးပညာ မပပျောက်စေရန် မြန်မာ့ရုပ်သေးသဘင်ကို ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ ယခုတိုင် ရုပ်သေးပညာကို ထိန်းသိမ်းထားဆဲဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ရုပ်သေးအနုပညာမကွယ်ပျောက်စေရန် ၁၉၉၅ ခုနှစ်မှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရုပ်သေးသဘင်ကို ထည့်သွင်းခဲ့သည်မှာ ၂၀၂၂ ခုနှစ်ထိဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ် ရုပ်သေးပွဲများကို ကျင်းပပြုလုပ်ခြင်းဖြင့်လည်း ရုပ်သေးအနုပညာကို ထိန်းသိမ်းလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **အနာဂတ်ကောင်းသော မြန်မာ့ရုပ်စုံသဘင် (ကျော်စိန်ဝင်း)**
- **ရုပ်သေးကခြင်း (ဆင်ဖြူကျွန်းအောင်သိန်း)**
- **ကမ္ဘာ့ရုပ်သေးနှင့်မြန်မာ့ရုပ်သေး (ဇေယျ)**
- **မြန်မာ့ရုပ်သေးအနုပညာအကြောင်း တစ်စိတ်တစ်ပိုင်း (ထွန်းထွန်းနိုင်)**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ ထိပ်တိုက်တွေ့ဆုံမှုမှာအသာရနေတဲ့ လီဗာပူးအသင်း၊ လာဇီယိုအသင်း၊ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာပါ

ML



ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်တွေမှာ အများအားဖြင့် အိမ်ရှင်အသင်းတွေရလဒ်ကောင်းခဲ့ပြီး ထိပ်တန်းအဆင့် ကစားသမားခေါ်ယူမှုပြုလုပ်နိုင်တဲ့ အသင်းတွေကိုသာ အားပေးခဲ့တာကြောင့် ရွေးချယ်မှုမှန်ကန်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒီတစ်ပတ်မှာတော့ ရာသီအစမှာ နိုင်ပွဲရဖို့ ရုန်းကန်နေရတဲ့ ကလပ်အသင်းတွေထဲက အိမ်ကွင်းကစားပုံနဲ့ တိုက်စစ်ထက်မြက်တဲ့ အသင်းတွေကိုသာ အာရုံစိုက်ချဉ်းကပ်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်စစ်ကစားပုံနဲ့ ဒဏ်ရာရပွဲပယ်နည်းပါးတဲ့ အသင်းတွေနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

**လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ နည်းပြဟိုဝီကိုင်တွယ်ပြီး နောက်ပိုင်းတိုးတက်မှုတွေရှိလာခဲ့တယ်။ ဒီနှစ်မှာလဲ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ဥရောပအောင်မြင်မှုရဖို့အတွက် တိုနယ်လီ၊ ဟာဗေးဘန်း၊ လီဗရာမန့်တို့ကို ၁၄၉ သန်းထိ အသုံးပြုခေါ်ဆိုခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ အေဗီလာကို အိမ်ကွင်းမှာ အဘက်ဘက်ကအသာရယူနိုင်ခဲ့လို့ သွင်းဂိုးငါးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ငါးဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ကွင်းလယ်နဲ့ တိုက်စစ်ကစားအားက ပြိုင်ဘက်ခံစစ်ကြောင်းကို ထိန်းချုပ်ရခက်စေတာကြောင့် ဂိုးရဖို့လွယ်ကူခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ ပွဲစဉ်(၂) မန်စီးတီးနဲ့တွေ့ဆုံခဲ့ရာမှာတော့ အေဗီလာနဲ့ ပွဲစဉ်က လူစာရင်းတိုင်းပွဲထွက်ခဲ့ပြီး ရမှတ်ခွဲယူဖို့ ကြိုးစားခဲ့ပေမဲ့ မန်စီးတီးအသင်းရဲ့ ကစားသမားတွေက တစ်ဦးချင်းစွမ်းဆောင်ရည်ပိုကောင်းခဲ့တာကြောင့် တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အိမ်ကွင်းဖြစ်ပေမဲ့ နည်းစနစ်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာကောင်းမွန်တဲ့ လီဗာပူးနဲ့ကစားရမှာဖြစ်တာကြောင့် ပွဲကျပ်တစ်ပွဲထပ်မံကစားရအုံးမှာ သေချာပါတယ်။

လီဗာပူးအသင်းဟာ အသက်အရွယ်အရ အကျပိုင်းရောက်လာတဲ့ ကွင်းလယ်ကစားသမားတွေကို လက်လွှတ်ခဲ့ပြီး ဆိုဘော့ဇလိုင်၊ မက်အယ်လစ်စတာ၊ အန်ဒိုတိုကိုခေါ်ယူအားဖြည့်ခဲ့တာကြောင့် အခုရာသီမှာ ကစားအားကောင်းလာတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ကစားသမားအင်အားတောင့်တင်းတဲ့ချဲလ်ဆီးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ပြီး တစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့သလို ဒုတိယပွဲစဉ်မှာတော့ ဘုန်းမောက်အသင်းကို တစ်ယောက်လျော့နဲ့ သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့ခြေစွမ်းပိုင်းတွေက အားရစရာကောင်းနေပါတယ်။ နည်းပြကလော့ဟာ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ဆာလာဟ်၊ ဂျိုတာ၊ ဒီယက်ဂိုတို့ကို အထောင်ထားပြီး ဂတ်ပိုကိုကွင်းလယ်မှာကစားခိုင်းတဲ့ နည်းစနစ်ပိုင်းက ပြိုင်ဘက်ခံစစ်ပိုင်းအတွက် အလုပ်များစေတာသေချာပါတယ်။ လက်ရှိသူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ ဘိုင်ယန်မြူးနစ်တစ်ပွဲသာရှုံးခဲ့ပြီး ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်က ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး သွင်းဂိုး ၁၄ ဂိုးထိ ရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ လီဗာပူးအသင်းဟာ နယူးကာဆယ်အသင်းကို အဘက်ဘက်က ယှဉ်ပြိုင်နိုင်စွမ်းရှိသလို နည်းပြဟိုဝီတာဝန်ယူခဲ့တဲ့ ကာလတစ်လျှောက်မှာလဲ ရှုံးနိမ့်ခဲ့တာမရှိပါဘူး။ အခုပွဲစဉ်မှာ နယူးကာဆယ်ကသရေကျရင် တစ်ဝက်လောက် ဆုံးရှုံးရမဲ့ အနေအထားက လီဗာပူးကိုလျှော့တွက်တဲ့ အနေအထားဖြစ်တာကြောင့် အစဉ်အလာနဲ့ တိုက်စစ်ကစားပုံတွေအရ လီဗာပူးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | ဖီအိုရင်တီးနား |
| နယူးကာဆယ် | ၄ | - | ၀ | ဗီလာရီးရဲလ် |
| နယူးကာဆယ် | ၅ | - | ၁ | အေဗီလာ |
| မန်စီးတီး | ၁ | - | ၀ | နယူးကာဆယ် |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၀ | - | ၄ | လီဗာပူး |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၃ | လီဗာပူး |
| လီဗာပူး | ၃ | - | ၁ | ဒမ်စတက် |
| ချဲလ်ဆီး | ၁ | - | ၁ | လီဗာပူး |
| လီဗာပူး | ၃ | - | ၁ | ဘုန်းမောက် |

**လာဇီယိုအသင်းကို အားပေးရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လာဇီယိုနဲ့ ဂျီနိုအာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ပြီးခဲ့တဲ့နှစ် ဇူလိုင်လက ကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာဖြစ်ပြီး လာဇီယိုက လေးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ လာဇီယိုဟာ လူစုံထုတ်မသုံးတာရယ်၊ လူငယ်ကစားသမားတွေကိုသာ ထည့်သွင်းခဲ့တာရယ်ကြောင့် ရှုံးနိမ့်ခဲ့တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အဖွင့်ပွဲစဉ်မှာတော့ လက်ချီအသင်းကို အဝေးကွင်းမှာရှုံးခဲ့တာကြောင့် နစ်နာခဲ့ရပြီး ခံစစ်ပိုင်းပေါ့ဆမှုရှိခဲ့လို့ နောက်ကျဂိုးပေးခဲ့ရပြီး နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိမှာ နည်းပြဆာရီဟာ အဖွင့်ပွဲစဉ်က အမှားကိုအကောင်းဆုံးပြင်ဆင်ပြီး အိမ်ကွင်းမှာ ရမှတ်ပြည့်ရာနိုင်ဖို့အတွက် နည်းစနစ်ပိုင်းပြောင်းလဲလာမှာသေချာပါတယ်။ အခုပြိုင်ပွဲမှာ အသင်းတိုက်စစ်ကိုအင်မိုဘိုင်း၊ ဇာကာနီကာနဲ့ အန်ဒါဆင်တို့ ဦးဆောင်နေတာကြောင့် ဂျီနိုအာအသင်းခံစစ်ပိုင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာသေချာပါတယ်။

ဂျီနိုအာအသင်းဟာ အခုရာသီမှာ စီးရီးအေကို တန်းတက်ခွင့်ရခဲ့ပေမဲ့ ထိပ်တန်းအဆင့်ရှိ ကစားသမားမျိုးတွေ ခေါ်ယူနိုင်ခဲ့တာမရှိလို့ အဖွင့်ပွဲစဉ်မှာ ဖီအိုရင်တီးနားအသင်းကို လေးဂိုး တစ်ဂိုးနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါပြင် ဂျီနိုအာအသင်းရဲ့ အစုအဖွဲ့နဲ့ လာဇီယိုရဲ့ အစုအဖွဲ့မှာ လာဇီယိုကအသာရနေသလို နည်းပြနှစ်ဦးရဲ့ အတွေ့အကြုံနဲ့ နည်းစနစ်ပိုင်းမှာလဲ လာဇီယိုနည်းပြဆာရီက သာနေတာဖြစ်ပါတယ်။ ဒါကြောင့် ခံစစ်ကစားပုံအားနည်းနေတဲ့ ဂျီနိုအာအသင်းအနေနဲ့ အဖွင့်ပွဲစဉ်ကအတိုင်းကစားလာမယ်ဆိုရင်တော့ လာဇီယိုအသင်းကို ပေးဂိုးများသွားမှာဖြစ်ပါတယ်။ လက်ရှိအကျော်ပေးမှုမှာလဲ လာဇီယိုက တစ်လုံးသွင်းရင် တစ်ဝက်လောက်ပဲပျော်ခွင့်ရမဲ့ အကျော်ပေးမှုက အိမ်ရှင်အသင်းနိုင်ပွဲရဖို့ သေချာနေတာဖြစ်လို့ လာဇီယိုအသင်းကိုပဲ အားပေးရမှာပါ။

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၂ | - | ၀ | ဘရာဂို |
| အေဗီလာ | ၃ | - | ၀ | လာဇီယို |
| ဂျီရိုနာ | ၂ | - | ၁ | လာဇီယို |
| လက်တီနာ | ၀ | - | ၉ | လာဇီယို |
| လက်ချီ | ၂ | - | ၁ | လာဇီယို |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၄ | - | ၃ | ဘာရီ |
| ဂျီနိုအာ | ၁ | - | ၄ | စပီဇီယာ |
| ခရီမိုနန်စီ | ၀ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၄ | - | ၃ | မိုဒီနာ |
| ဂျီနိုအာ | ၁ | - | ၄ | ဖီအိုရင်တီးနား |

**ဘာစီလိုနာအသင်း အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဗီလာရီးရဲလ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီလာရီးရဲလ်အသင်းဟာ အခုအပြောင်းအရွှေ့မှာ တိုက်စစ်မှူး ဂျက်ဆန်နဲ့ ခံစစ်ကပါအူတောရက်တို့ကို လက်လွှတ်ခဲ့ရပြီးနောက်ပိုင်း ကစားအားကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ဘက်တစ်လိုခြေရည်တူအသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်မှာတော့ မာယော့ကာအသင်းကိုထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ လုပ်နိုင်ခဲ့တာကြောင့် တိုက်စစ်မှူး မိုရီနိုက အနိုင်ဂိုးသွင်းခဲ့ပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်း တိုက်စစ်ကိုတော့ ဘရိတန်၊ ဆိုလော့၊ မိုရီနိုတို့အတွဲနဲ့ ဦးဆောင်နေပေမဲ့ ဘာစီလိုနာအသင်းကို ကျော်ဖြတ်ဖို့တော့ လွယ်ကူမှာမဟုတ်ပါဘူး။

နှစ်ပွဲကစားအပြီး ရမှတ်လေးမှတ်ရယူထားတဲ့ ချန်ပီယံဘာစီလိုနာအသင်းဟာ ကစားအားကျဆင်းခဲ့တာမရှိပါဘူး။ သူတို့အသင်းဟာ နွေရာသီကစားသမားခေါ်ယူမှုမှာ ရှိမီယူ၊ အင်နီဂိုမာတီနက်ဇ်၊ ရိုက်ဗ်နဲ့ ဂန်ဒိုဂမ်တို့လို ကစားသမားကောင်းတွေကို ခေါ်ယူနိုင်ခဲ့တာဖြစ်ပြီး အသင်းရဲ့ ကွင်းလယ်ကစားအားကိုအချိန်မီဖြည့်ဆည်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာဂီတာဖေးကို သရေ၊ ပွဲစဉ်(၂)မှာ ကာဒီဇက်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဇာဗီရဲ့ ကစားကွက်ပိုင်းမှာတော့ လီဝမ်ဒေါ့စကီးအထောင်ထားပြီး ပက်ထရီနဲ့ ဂါဗီတို့အတွဲက အသင်းဂိုးရဖို့ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြဇာဗီလက်အောက်မှာ ခြေစွမ်းပိုင်းတိုး တက်လာခဲ့ပြီး ရာသီကြိုခြေစမ်းပွဲတွေမှာလဲ အာဆင်နယ်အသင်းကိုသာရှုံးခဲ့ပြီး ရီးရဲလ်မက်ဒရစ်၊ အေစီမီလန်၊ စပါးအသင်းတို့ကို အနိုင်ရခဲ့တာ ကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ ဘာစီလိုနာက ၂၁ ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးခဲ့ပြီး အိမ်ကွင်းကစားအားကျဆင်းသွားတဲ့ ဗီလာရီးရဲလ်ကြောင့် ဘာစီလိုနာအသင်း နိုင်ပွဲဆက်အုံးမှာသေချာနေလို့ ဘာစီလိုနာအသင်းပဲ အနိုင်ရမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၀ | - | ၃ | စပို့တင်းလစ္စဘွန်း |
| နိုက် | ၁ | - | ၁ | ဗီလာရီးရဲလ် |
| နယူးကာဆယ် | ၄ | - | ၀ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၁ | - | ၂ | ဘက်တစ် |
| မာယော့ကာ | ၀ | - | ၁ | ဗီလာရီးရဲလ် |

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၃ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| အေစီမီလန် | ၀ | - | ၁ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၄ | - | ၂ | စပါး |
| ဂီတာဖေး | ၀ | - | ၀ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၂ | - | ၀ | ကာဒီဇက် |

# ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၉၉၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၉၉၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၈၉၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၉၉၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့မှာ ပဲမျိုးစုံဧက ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ။ ပဲမျိုးစုံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးဖို့၊ ပဲမျိုးစုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့၊ အထွက်နှုန်းကောင်းဖို့ အသိပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၃၉၁၉ ဧက၊ ပဲစင်းငုံ ၆၀၀၃ ဧက စုစုပေါင်း ၉၉၂၂ ဧက တို့ဖြစ်ကြောင်း၊ သီးနှံအလိုက်လျာထားမှုအနေဖြင့် မတ်ပဲ ၁၃၅ ဧက၊ ပဲတီစိမ်း ၅၃၇၁ ဧက၊ ထောပတ်ပဲ ၁၂၄၅ ဧက၊ စွန်တာပြာ ၂၂၄၁ ဧက၊ ပဲစင်းငုံဧက ၅၈၅၀၊ အခြားပဲဧက ၅၀ စုစုပေါင်း ၁၄၈၉၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့တွင် ယခုနှစ် ပဲမျိုးစုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မတ်ပဲ ၁၂၆၅ ဧက၊ ထောပတ်ပဲ ၁၀၁၅ ဧက၊ စွန်တာပြာ ၂၈၇၂ ဧက၊ ကုလားပဲ ဧက ၃၃၀၊ ပဲလွမ်း ၅၇ ဧက၊ ပဲဖြူလေး ဧက ၂၅၀၊ ပဲကျား ၆၀၂ ဧက စုစုပေါင်း ၆၃၉၁ ဧက တို့ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြေပုံမြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်း တံတားများတည်ဆောက်နိုင်ရေး စစ်ဆေး

**မြေပုံ ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ရာသီမရွေး အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝက်ခေါင်းကျေးရွာတွင် ကုန်ထုတ်လမ်းပေါ်ရှိ တံတားများ တည်ဆောက်နိုင်ရေး ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာကော်မတီဝင်များနှင့်အတူ ဝက်ခေါင်းကျေးရွာတွင် ကုန်ထုတ်လမ်းပေါ်ရှိ တံတားများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တံတားများတည်ဆောက်ရာ၌ ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာတွင် အလျား ၁၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခုနစ်ပေရှိ ကွန်ကရစ်တံတား နှစ်စင်းနှင့် အလျား လေးပေ ကိုးလက်မ၊ အကျယ် ၁၈ ပေ၊ အမြင့် လေးပေ ကိုးလက်မရှိ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၁၂ သန်းဖြင့် AUNG SHWE MYAY ကုမ္ပဏီက တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်က ပြောပြ၍ သိရသည်။

**ကိုသန်း**

**ကိုဗစ် –၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ် –၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။






# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

## သဘာဝအစစ်ရဲ့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

# ရွှေဖီဦး






ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအမြန်အလိုရှိသည်

**Sky Blue Co.,Ltd**

- ယာဉ်မောင်း ကျား (၁၀)ဦး
  အသက် (20-35)အထိ
- Marketing မ (၁၀)ဦး
  အသက် (20-30)အထိ

ဆက်သွယ်ရန်/ 09-777577706
09-975613251

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်၊ ကျောက်မော အ. လ. က(ခွဲ)ကျောင်း၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဇော်မင်းနိုင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမြတ်ဝင်း ဖြစ်ပါကြောင်း။ **ဦးမြတ်ဝင်း(၅/ကနန(နိုင်)၀၄၁၆၅၁)**

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊ ၃၁ × ၃၂ ကြားနေ မောင်စွမ်းထက်အောင်(ဘ)ဦးအောင်နိုင်ဦး(၉/ စဘတ(နိုင်)၁၃၅၃၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-648743)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၁၂၁၄၈၆


## သင့်သွေးဖြင့် အသက်ကယ်ပါ


## အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရပ်ကွက်နေ (ဘ) ဦးမောင်မောင်တင့် (BGE-006933)၏သမီး ဒေါ်ယဉ်မင်းသက် ၏အမည်မှန်မှာ ဒေါ်ယဉ်မင်းထွန်း ဖြစ်ပါကြောင်း။

**ဒေါ်ယဉ်မင်းထွန်း (၁၄/ဘကလ(နိုင်)၀၀၀၂၅၂)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (ဈ)ရပ်ကွက်နေ ဦးမြင့်ဝေ-ဒေါ်ပြုံးပြုံးရီ တို့၏သား ဖြစ်သူ **မောင်ကိုကိုဦး (၉/ပကခ(နိုင်)၀၅၈၃၉၆)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ထွက်သွားသည်မှာ (၂)နှစ်ကျော်ကြာမြင့်နေပြီဖြစ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမြင့်ဝေ(၈/မဘန(နိုင်)၀၆၈၇၃၄)**
**ဒေါ်ပြုံးပြုံးရီ (၅/မမတ(နိုင်)၀၀၁၁၀၇)**

## MANDALAY GRAND PREMIER CO.,LTD

### တွင် တာဝန်ထမ်းဆောင်ရန် လုံခြုံရေးဝန်ထမ်း အလိုရှိသည်

(က) အသက် (၃၀)နှစ်အောက် အမျိုးသား။
(ခ) ကွမ်း၊ဆေးလိပ်၊အရက်သေစာသောက်စားသူမဖြစ်စေရ။
(ဂ) နေ့ည အလှည့်ကျတာဝန်ထမ်းဆောင်နိုင်ရပါမည်။
(ဃ) တစ်ပတ်တစ်ရက် နားရက်ရှိသည်။
(င) လစာ(၂၄၀၀၀၀) နှစ်သိန်းလေးသောင်း (၆)လပြည့်ပါက လစာတိုးပါသည်။ တစ်နှစ်ပြည့်ပြီးပါက နေ့စဉ် ထမင်းဖိုး (၂၅၀၀)ကျပ် ခံစားခွင့်ရှိပါသည်။

အထက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊ ဓါတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ကုမ္ပဏီရှိရာ အကွက်အမှတ် (H-၂၄၈)၊ ကနောင်မင်းသားကြီးလမ်း၊ 39 လမ်း၊ 50 လမ်းနှင့် 49 လမ်းကြား၊ စက်မှုဇုန်(၂)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## စာပေ မြင့်မှ လူမျိုး တင့်မည်


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်...

❖ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ရှိ...

❖ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့်ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လို...

❖ မိမိအထက်အရာရှိများ၏တာဝန်ထမ်းဆောင်မှုနှင့်မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို နားလည်မှုရှိရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်ရင်းမှူးသင်တန်းမှ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ**

စာမျက်နှာ - ၂၀

**သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီအာရှလမ်းမပေါ်ရှိ မြေပြိုကျပျက်စီးခဲ့သည့်နေရာ၌ သုံးလွှာတစ်ထပ် ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီး၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်**

စာမျက်နှာ - ၂၂

**MAI လေကြောင်းလိုင်းက ရန်ကုန်-ဆိုးလ် တိုက်ရိုက်ခရီးစဉ်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်မှစ၍ ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲပေးမည်**

စာမျက်နှာ - ၃

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် **Innogen Myanmar Co., Ltd.** က တင်သွင်းလာသော **GAC Toyota bZ4X** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၆၅ စီးနှင့် **Earth Renewable Energy Co., Ltd.** က တင်သွင်းလာသော **BYD Dolphin** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် တစ်စီး စုစုပေါင်းလျှပ်စစ်သုံးမော်တော်ယာဉ် ၆၆ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့လည်းကောင်း၊ **Aung Kan Bo Motorcycle Industrial Co., Ltd.** က တင်သွင်းလာသော **Kanbo** အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၆၃၃ စီးသည် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ (၂၅-၈-၂၀၂၃)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ **(မိုး/ဇလ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၈-၂၀၂၃)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြောက်ဦး | ၅ | ဒသမ | ၂၃ | လက်မ | မင်းပြား | ၄ | ဒသမ | ၃၆ | လက်မ |
| စစ်တွေ | ၄ | ဒသမ | ၈၁ | လက်မ | ပုဏ္ဏားကျွန်း | ၄ | ဒသမ | ၀၀ | လက်မ |
| မာန်အောင် | ၄ | ဒသမ | ၄၉ | လက်မ | ငပုတော | ၃ | ဒသမ | ၅၀ | လက်မ |
| | | | | | ရသေ့တောင် | ၃ | ဒသမ | ၃၀ | လက်မ |



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေစံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563